
# THE FAMOUS ANALYSIS OF STATEMANSHIP AND POWER



# မင်းဆရာ

မောင်မောင်မြင့်သိန်း | စက်မှုတက္ကသိုလ်

## THE PRINCE
by Machiavelli

mgyoe.com

ကျွန်တော်သည်
ခံတပ်များ တည်သူများနှင့်
ခံတပ်များ မတည်သူတို့ကို
ချီးကျူးမှု ပြုမည်ဖြစ်ပြီး
ထိုခံတပ်များကို အားကိုးသမှုပြုပြီး
ပြည်သူလူထု၏ အမုန်းကို
ရေးရေးပင် အလေးမထားသူတိုင်းကို
အပြစ်ဆိုပါမည်။



mgyoe.com

မင်းဆရာ
မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၆၄၁ ၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၆၉၄ ၀၆၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၉၀၉

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)/
မင်းဆရာ/ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
-ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၁၃၃ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မင်းဆရာ

၂၀၁၁၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၆၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


– စကားဦး

– နစ်ကိုလ်မက်ချိဝဲလီ (Niccolo Machiavelli) အကြောင်း တစေ့တစောင်း ၁

၁။ နစ်ကိုလ်မက်ချိဝဲလီထံမှ ပိုင်ရိုဒီမိဒီစီ၏သားတော် ဘုန်းရှိန်ကြီးမားသော လိုရန်ဇိုထံသို့ ၃

၂။ အစိုးရအမျိုးမျိုးနှင့် ထိုအစိုးရများကို ထူထောင်နည်းများ ၆

၃။ မင်းမျိုးမင်းဆက်အစိုးရများ ၇

၄။ ထွေထွေပြားပြား မင်းနိုင်ငံများ ၉

၅။ မဟာအဲလက်ဇန္ဒြားနောက် ဆက်ခံသောမင်းများ လက်ထက်တွင် မဟာအဲလက်ဇန္ဒြားသိမ်းပိုက်ခဲ့သော ဒါရီအပ်မင်းနိုင်ငံသားတို့ ထကြွပုန်ကန်မှု မပြုခဲ့သည့်အကြောင်း ၂၁

၆။ လက်အောက်ခံမဖြစ်ဖူးသောကြောင့် ကိုယ်ပိုင်ဥပဒေဖြင့် နေထိုင်ခဲ့သော မြို့ပြနိုင်ငံများ သို့မဟုတ် နယ်ပယ်များကို အုပ်ချုပ်နည်း ၂၅

၇။ ကိုယ်စွမ်းကိုယ်စ ကိုယ့်လက်နက်ဖြင့် ရရှိသိမ်းပိုက်ထားသော နယ်ပယ်သစ်များအကြောင်း ၂၈

၈။ တစ်ပါးသူတို့၏အင်အား သို့မဟုတ် ကုသိုလ်ကံကြောင့် ရရှိသော နယ်ပယ်အသစ်များနှင့် ပတ်သက်၍ ၃၃


mgyoe.com

mgyoe.com

၉။ မင်းတစ်ပါးအဖြစ်သို့ မသမာသောနည်းလမ်းများဖြင့်
ရခဲ့သူတို့နှင့် ပတ်သက်၍ ၄၃
၁၀။ ပြည်သူ့မြို့ပြနိုင်ငံများ ၄၉
၁၁။ နိုင်ငံတိုင်း၏ အင်အားကို တိုင်းတာနည်း ၅၄
၁၂။ သာသနာဆိုင်ရာ မင်းနိုင်ငံများ ၅၇
၁၃။ ပြည်သူ့စစ်အဖွဲ့အမျိုးမျိုးနှင့် ကြေးစားစစ်သည်များ ၆၁
၁၄။ ထောက်ကူရေးတပ်များ၊
ရောထွေးတပ်များနှင့် နယ်ခံတပ်များ ၆၈
၁၅။ ပြည်သူ့စစ်နှင့်ပတ်သက်၍ မင်းတစ်ပါး၏တာဝန်များ ၇၄
၁၆။ လူတို့နှင့် အထူးသဖြင့် 'မင်း'တို့ကို ချီးကျူး
သို့မဟုတ် အပြစ်တင်သည့် ကိစ္စများ ၇၈
၁၇။ သဒ္ဓါထက်သန်ခြင်းနှင့် စေးကပ်ခြင်း ၈၁
၁၈။ ရက်စက်မှုနှင့် သနားကြင်နာမှုနှင့်
အကြောက်လန့်ခံရခြင်းနှင့် ချစ်မြတ်နိုးခံရခြင်း
မည်သည်က ပိုကောင်းသည့်အကြောင်း ၈၅
၁၉။ ယုံကြည်ချက်စွဲမြဲနည်း ၉၀
၂၀။ စက်ဆုပ်မုန်းတီးခံရခြင်းကို ရှောင်ရှားနည်း ၉၄
၂၁။ မင်းများတည်ကြသော ခံတပ်များနှင့် အခြားအရာများ
အသုံးဝင် သို့မဟုတ် အသုံးမဝင်ခြင်း ၁၀၇
၂၂။ မင်းတစ်ပါး နာမည်ကောင်းရအောင် ဆောင်ရွက်နည်း ၁၁၃
၂၃။ မင်း၏ ဝန်မင်းများ ၁၁၈
၂၄။ မြှောက်ပင့်သူတို့ကို ရှောင်ရှားနည်း ၁၂၀
၂၅။ အီတလီမင်းများ ယင်းတို့၏ မြို့ပြနိုင်ငံများ
ဆုံးရှုံးရသည့်အကြောင်း ၁၂၃
၂၆။ လူ့အရေးတွင် ကုသိုလ်ကံအကျိုးပေးမှု ၁၂၆
၂၇။ မက်ချီဝဲလီ၏ အမြင် ၁၃၁

■

mgyoe.com

mgyoe.com

# စကားဦး

မက်ချီဝဲလီ (Machiavelli) ၏ အကျော်ကြားဆုံးလက်ရာဖြစ်သော The Prince ကို ၁၅၁၃ ခုနှစ်တွင် ရေးသားခဲ့သော်လည်း သူသေဆုံးပြီးနောက် (၁၅၃၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၆၄၀ ခုနှစ်တွင် တစ်ကြိမ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်) မှသာလျှင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

The Prince စာတမ်းတွင် မင်းတစ်ပါး နိုင်ငံရေးအာဏာရရှိရန်နှင့် ထိန်းသိမ်းရန် ကျင့်သုံးသော ပါးနပ်၍ကောက်ကျစ်သော မသမာသည့် နည်းပရိယာယ်များကို ဖော်ပြထားခဲ့သည်။ ထိုစာအုပ်သည် ချက်ချင်းပင် ဝေဖန်ပုတ်ခတ်မှုများ ခံခဲ့ရပြီး မကြာမတင်ကာလတွင် ပုတ်ရဟန်းမင်းကြီး ဆဋ္ဌမမြောက် ကလီမင့် Pope clement VIII က ယင်းကို ရှုတ်ချခဲ့သည်။

ထိုစာအုပ်တွင် ဖော်ပြထားသောအချက်များသည် အာဏာရှင်ဘုရင်မင်းတစ်ပါးသည် သမားရိုးကျ သီလသမာဓိကျင့်ထုံးများ၏ အနှောင်အဖွဲ့မှ လွတ်ကင်းသည်ဟု မက်ချီဝဲလီ ယုံကြည်မှုတွင် အခြေခံသည်။ မင်းတစ်ပါးသည် အာဏာရရှိရေး၊ နိုင်ငံရေးကိစ္စများတွင် အောင်မြင်ရေးကို ပဓာနထားသော စည်းမျဉ်းတို့ကိုသာလျှင် အလေးထားသင့်သည်ဟု မက်ချီဝဲလီက ခံယူခဲ့သည်။

မက်ချီဝဲလီ၏ ခေတ်ကာလတွင် အီတလီကျွန်းဆွယ်ဒေသသည် ပြင်းထန်သော နိုင်ငံရေးစစ်တလင်း ဖြစ်နေခဲ့သည်။ ထိုနိုင်ငံရေးပဋိပက္ခတွင် ဖလောရင့်စ်၊ မီလန်၊ ဗင်းနစ်နှင့် နေပဲလ် မြို့ပြနိုင်ငံများအပြင် ရောမသာသနာပိုင်

mgyoe.com

mgyoe.com

မင်းနိုင်ငံ၊ ပြင်သစ်စပိန်နှင့် ရောမဧကရာဇ်နိုင်ငံတို့ကဲ့သို့ အထင်ကရ မြို့ပြ နိုင်ငံများ ပါဝင်ခဲ့သည်။ မြို့ပြနိုင်ငံတိုင်းသည် အင်အားကြီးနိုင်ငံများ အချင်းချင်းကို ရန်တိုက်ပေးခြင်းဖြင့် ကိုယ့်နိုင်ငံကို ကိုယ်ကာကွယ်ရန် ကြိုးစားခဲ့ကြသည်။ ထိုအကြောင်းတရားကြောင့်ပင်လျှင် နိုင်ငံရေးလုပ်ကြံမှုများ၊ အကျပ်ကိုင်မှုများနှင့် အကြမ်းဖက်မှုများ ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့သည်။

The Prince စာတမ်းကို ဤအကြောင်းတရားများပေါ် နောက်ခံပြု၍ ရေးသားခဲ့ပြီး ယင်း၏ နောက်ဆုံးအချုပ်တွင်မူ အီတလီသားတို့ ညီညွတ်ကြပါရန်နှင့် တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်မှုကို နှိုက်ချုပ်ပစ်ရန် စေ့ဆော်မှုဖြင့် မက်ချီဝဲလီက အဆုံးသတ်ခဲ့သည်။

၁၈၁၀ ခုနှစ်တွင်မူ မက်ချီဝဲလီ ရေးသားခဲ့သော စာတစ်စောင်တွေ့ရှိခဲ့သည်။ ထိုစာတွင်မူ သူသည် ဖလောရင့်စ်မြို့ပြနိုင်ငံမင်းဖြစ်သော မီဒီစီ မိသားစု (Midici Family) ထံမှ မျက်နှာကောင်းရရန် မျှော်ရည်လျက် The Prince ကို ပြုစုခဲ့သည်ဟု ရေးသားခဲ့သည်။ အီတလီဒေသကို တိုင်းတစ်ပါး အစိုးရများ၏ ဩဇာမှ လွတ်မြောက်စေရန်အတွက် အကြွင်းမဲ့အာဏာရှင်စနစ်ကျင့်သုံးသည်ပင်ဖြစ်စေ တိုင်းသူပြည်သား အင်အားကောင်းသော အစိုးရက အရေးကြီးကြောင်း အနှစ်ချုပ် ရှင်းပြထားခဲ့သည်။

■

mgyoe.com

mgyoe.com

# နစ်ကိုလ်မက်ချီဝဲလီ (Niccolo Machiavelli) အကြောင်း တစေ့တစောင်း

နစ်ကိုလ်မက်ချီဝဲလီကို ၁၄၆၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဖလောရင့်စ်မြို့တွင် မွေးဖွားခဲ့သည်။ သူ၏ဖခင်မှာ တရားရေးအရာရှိတစ်ဦး ဖြစ်ခဲ့သည်။ သူသည် လက်တင်နှင့် အီတလီ ဂန္ထဝင်စာပေများကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာသုံးသပ်မှုအပါအဝင် ပညာဆည်းပူးပြီးနောက်တွင် စာရေးစာချီဝန်ထမ်းတစ်ဦးအဖြစ် ၁၄၉၄ ခုနှစ်တွင် အစိုးရအလုပ် ဝင်လုပ်ခဲ့သည်။ ဤကာလသည် နှစ်ပေါင်း ၆၀ ခန့် ဖလောရင့်စ် မြို့ပြနိုင်ငံကို အုပ်စိုးခဲ့သော မိဒီစီ မိသားစုတွင် ဘုန်းတန်ခိုးမှေးမှိန်နေချိန် ဖြစ်သည်။

၁၄၉၈ ခုနှစ်တွင် ဖလောရင့်စ် သမ္မတနိုင်ငံထူထောင်သောအခါတွင် မက်ချီဝဲလီသည် နိုင်ငံ၏ သံတမန်ရေးရာကိစ္စများနှင့် စစ်ဆင်ရေးများကို တာဝန်ယူဆောင်ရွက်ရသော ဆယ်ဦးကောင်စီ၏ အတွင်းရေးမှူးအဖြစ် ထင်ရှားလာခဲ့သည်။ ၁၄၉၉ ခုနှစ်မှ ၁၅၁၂ ခုနှစ်ကာလအထိ သူသည် အတွင်းရေး တာဝန်အပြင် အီတလီကျွန်းဆွယ်ဒေသအတွင်းနှင့် ပြင်သစ်ထီးနန်း၊ သာသနာပိုင် ပုတ်ရဟန်းမင်းကြီး၏ ထီးနန်းနှင့် ဂျာမန်ထီးနန်းသို့ သံတမန်ခရီး ခေါက်ရေပေါင်းများစွာ သွားခဲ့ရသည်။ အီတလီပြည်တွင်း သံတမန်တာဝန်ဖြင့် သွားလာလှုပ်ရှားစဉ် သူသည် အီတလီမင်းများစွာ၏ နိုင်ငံရေးနည်းစနစ်များကို တတ်သိလာခဲ့သည်။ ၁၅၀၂ ခုနှစ်နှောင်းပိုင်းကာလနှင့် ၁၅၀၃ ခုနှစ်တွင် မက်ချီဝဲလီသည် သာသနာရေးပုဂ္ဂိုလ်တစ်ဦးဖြစ်သလို ဆီဇာဘောဂီရာ (Cesare Borgia) ၏ ထိရောက်သော နိုင်ငံတော်တည်ဆောက်နည်းများနှင့် ရင်းနှီးလာခဲ့သည်။ ထိုစဉ်ကာလတွင် ဆီဇာဘောဂီရာ

mgyoe.com

mgyoe.com

သည် ရဲတင်းမှု၊ ပရိယာယ်၊ ကိုယ့်အားကိုယ်ကိုးမှု၊ ပြတ်သားမှုနှင့် တစ်ခါ တစ်ရံတွင် ရက်စက်မှုများ ပေါင်းစပ်ကျင့်သုံးလျက် အီတလီပြည် အလယ် ပိုင်းရှိ သူ၏နယ်ပယ်များကို ချဲ့ထွင်နေခဲ့သည်။

၁၅၀၃ ခုနှစ်မှ ၁၅၀၆ ခုနှစ်ကာလထိ မက်ချီဝဲလီသည် ဖလောရင့်စ် သမ္မတနိုင်ငံ၏ စစ်ရေးအကာအကွယ်များကို ပြန်လည်ဖွဲ့စည်းရန် တာဝန် ပေးခံခဲ့ရသည်။ ဤခေတ်ကာလတွင် ကြေးစားတပ်များကို ငှားရမ်းသုံးစွဲ လေ့ရှိခဲ့သော်လည်း မက်ချီဝဲလီသည် ဤကြေးစားစစ်သည်တို့၏ သစ္စာကို လွန်စွာ အယုံအကြည်တန်ခဲ့သောကြောင့် သမ္မတနိုင်ငံ၏ ပြည်သားများကို စစ်သည်များအဖြစ် သိမ်းသွင်းခန့်အပ်သည်ကို လိုလားခဲ့သည်။ ဤသို့ တိုင်း ရင်းသားစစ်သည်များကိုသာ ခန့်အပ်လိုသည့်သဘောသည် ရှေးဟောင်း ရောမပြည်သူ့တပ်များအကြောင်း လီဗွီ (Livy) ၏ရေးသားချက်များကို နားဝင်နေခဲ့၍ဖြစ်သည်။

အီတလီကျွန်းဆွယ်ဒေသတွင် စပိန်နှင့် ပြင်သစ်နိုင်ငံတွင် အပြိုင် အဆိုင်နယ်လုရာမှ ဆင့်ပွားဖြစ်သော အကြောင်းတရားပေါ်မူတည်၍ ၁၅၁၂ ခုနှစ် ဩဂုတ်လတွင် မီဒိစီများ ဖလောရင့်စ်ထီးနန်းကို ပြန်လည်သိမ်းနိုင်ခဲ့ပြီး သမ္မတနိုင်ငံ ဖျက်သိမ်းခံလိုက်ရသည်။ သမ္မတမင်းနိုင်ငံတွင် အဓိကပုဂ္ဂိုလ် တစ်ဦးဖြစ်နေခဲ့ပြီး မီဒိစီ ဆန့်ကျင်ရေးသမားဟု ယူဆဖွယ်ရာ ရှိနေခဲ့သော မက်ချီဝဲလီအား နိုဝင်ဘာလတွင် အလုပ်မှ ထုတ်ပစ်လိုက်သည်။ ၁၅၁၃ ခုနှစ် နွေဦးပေါက်ကာလတွင်မူ သူသည် နိုင်ငံတော်လုပ်ကြံမှုတစ်ရပ်တွင် ပူးပေါင်း ပါဝင်မှုဖြင့် စက်ခုံထက်တင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ ထောင်မှလွတ်ပြီး နောက်တွင် သူသည် ဖလောရင့်စ်မြို့အနီးရှိ ဆန်ကပ်စ်ဘီအာနို (San Casiano) အရပ်ရှိ သူ၏အိမ်ရာသို့ ပြန်ခဲ့သည်။ ထိုအိမ်ရာတွင် နေထိုင်စဉ် သူ၏အရေးအပါဆုံး စာပေလက်ရာကို ရေးသားပြုစုခဲ့သည်။ သူသည် မီဒိစီ မင်းတို့၏ အလိုကျဖြစ်စေရန် ကြိုးစားခဲ့သော်လည်း အစိုးရရာထူး ပြန်လည် မရရှိခဲ့ချေ။ သူသည် ၁၅၂၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ဖလောရင့်စ်မြို့ တွင် ကွယ်လွန်သွားခဲ့သည်။

■

mgyoe.com

mgyoe.com

# နစ်ကိုလ်မက်ချိဝဲလီထံမှ ပိုင်ရိုဒီမီဒီစီ၏သားတော် ဘုန်းရှိန်ကြီးမားသော လိုရန်ဇိုထံသို့

မင်းတစ်ပါးပါး၏ ကရုဏာကို လိုလားသူသည် ထိုမင်းအား ထိုမင်း တန်ဖိုးထားသောအရာများ ဆက်သခြင်း သို့မဟုတ် ထိုမင်းအလိုကျမည့် ကိစ္စများကို အထမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မျက်နှာလုပ်လေ့ ရှိသည်မှာ ထုံးတမ်းစဉ်လာပင်ဖြစ်သည်။ ဤသဘောသဘာဝအရ မင်းတို့ အား သူတို့၏ ဘုန်းတန်ခိုးအာနုဘော်နှင့် ထိုက်တန်သော မြင်းကောင်းမြင်း သန့်များ၊ လက်နက်များ၊ အထည်အလိပ်များ၊ ရွှေထည်များ၊ ကျောက်မျက် ရတနာများ စသည့်ပစ္စည်းများကို ဆက်သကော်ရော်လေ့ ရှိကြသည်။ အရှင်မင်းအား ကျွန်တော်မျိုး ကြည်ညိုလေးစားလှပါကြောင်း ဖော်ကျူး ပြသရန်အတွက် ဆက်သကော်ရော်ဖွယ်ပစ္စည်းကို ကျွန်တော်မျိုး၏ နှံချာလှ သော ကိုယ်ပိုင်ပစ္စည်းများတွင် ရှာဖွေသောအခါမူ ခေတ်ပေါ်အတွေ့အကြုံ များနှင့် ခေတ်ဟောင်းအဖြစ်အပျက်များကို အဆက်မပြတ် ဆည်းပူးလေ့လာ ရာမှ ကျွန်တော်မျိုးရရှိလာခဲ့သော အထင်ကရ ပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက် ချက်များနှင့် ပတ်သက်သော အသိပညာ ဗဟုသုတတို့ထက် အဖိုးတန်လေး နက်သောအရာမရှိကြောင်း တွေ့ရှိခဲ့ပါသည်။

ကျွန်တော်မျိုးသည် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက်ချက် များကို ဇွဲနပဲဖြင့် ကာလကြာမြင့်စွာ နှိုက်နှိုက်ချွတ်ချွတ် လေ့လာဆည်းပူးခဲ့ပြီး ယခု ထိုဆည်းပူးတွေ့ရှိချက်များကို ဤစာစုအဖြစ် အရှင်မင်းမြတ်ထံ

mgyoe.com

mgyoe.com


ဆက်သလိုက်ပါသည်။ ဤစာစုလေးသည် အရှင်လက်ခံလောက်အောင် ဂုဏ်မတင့်ဟု ကျွန်တော်မျိုးယူဆပါသော်လည်း ဤ နှစ်ရှည်လများ ကျွန်တော်မျိုး ဆင်းရဲချို့တဲ့စွာနှင့် အန္တရာယ်ထူပြောစွာ လေ့လာဆည်းပူးခဲ့သမျှကို အချိန်တိုအတွင်းမှာပင် အရှင်နားလည်သာစေမည့် ဤလက်ဆောင်မွန်ထက်ပို၍ တန်ဖိုးကြွယ်သောအရာကို ဆက်သနိုင်စွမ်းရည် ကျွန်တော်မျိုးတွင် မရှိကြောင်းကို အရှင် ကရုဏာကြီးစွာ နားလည်သဘောပေါက်မည်ဟု ယူဆမိပါသည်။

ကျွန်တော်မျိုးသည် ကျွန်တော်မျိုး၏စာစုကို စာစုတွင် ရေးသားတင်ပြထားသည့် အကြောင်းရပ်၏ သစ်ဆန်းမှုနှင့် လေးနက်မှုအရသာ သမာသမတ်ကျကျ ရှုမြင်လက်ခံစေချင်ပါသောကြောင့် ယင်းတွင် အချို့စာရေးဆရာများပြုသည်ကဲ့သို့ ဝါကျရှည်များသုံးခြင်း၊ စကားလုံးကြီးများသုံးခြင်း၊ အပေါ်ယံအလှအပဆင်သလို ဖွဲ့နွဲ့ခြင်းများ မပြုထားပါအရှင်။ ထို့အပြင် မထင်မရှား နုံချာလှသူတစ်ဦးက မင်းတို့အရေးကို ဆွေးနွေးဆန်းစစ်နည်းပြရန် ပမာမခန့် ကြိုးပမ်းသည်ဟု ယူဆမည်မဟုတ်ကြောင်း ကျွန်တော်မျိုး ယုံကြည်ပါသည်။ ရှုခင်းပန်းချီဆရာများသည် တောင်တန်းများ သို့မဟုတ် ကုန်းမြေမြင့်ပုံများရေးဆွဲရန် လျှိုမြောင်များကြားတွင် နေရာယူ၍ လွင်ပြင်များကို ကောင်းစွာရှုမြင်နိုင်ရန် အထက်သို့တက်လေ့ရှိသကဲ့သို့ပင် ပြည်သူ၏ သဘောသဘာဝကို နိုက်နိုက်ချွတ်ချွတ်သိရန်အတွက် မင်းတစ်ပါးဖြစ်ရန် လိုအပ်သလို အုပ်ချုပ်မင်းလုပ်သူတို့၏ သဘောသဘာဝကိုသိရန် ပြည်သူတစ်ဦးဖြစ်ရန် လိုအပ်သည်။

ထို့ကြောင့် ဤသေးသိမ်သော လက်ဆောင်လေးအား လက်ဆောင်ပစ္စည်းကို ဆက်သသည့် စိတ်စေတသိက်အရ အရှင်လက်ခံမည်ဟု ကျွန်တော်မျိုး ယုံကိုးပါသည်။ ဤစာစုတွင် ဖော်ပြထားသည့်အတိုင်း အရှင် ကျင့်ကြံမည်ဆိုပါက အရှင်၏ ဘုန်းသမ္ဘာ၊ ကုသိုလ်ကံနှင့်ထိုက်တန်ရာ ဂုဏ်ဒြပ်တို့ ဆင့်ပွားထပ်တိုး ပြည့်ဖြိုးလာစေရန်မှာ ကျွန်တော်မျိုး၏ ထက်သန်လှသော အနုမောဒနာ ဆန္ဒဆုတောင်းပင်ဖြစ်ကြောင်း အရှင်သဘောပေါက်မည်ဟု ကျွန်တော်မျိုး ယူဆပါသည်။

ထိုမှတစ်ပါး အရှင်၏ အထွတ်အထိပ် မြင့်မြတ်လှသော အဆင့်မှနေ၍ ဤ နုံချာလှသော နေရာလေးကို အမှတ်တမဲ့ ငုံ့ငဲ့လှမ်းကြည့်မိခဲ့ပါလျှင် ရက်

mgyoe.com

mgyoe.com


စက်သော ကံကြမ္မာက မထိုက်မလျောက်စွာသင့်နေစေသော ကုသိုလ်ဆိုးဒဏ် ခံနေရပါသော ကျွန်တော်မျိုးကို မြင်တွေ့မည်ဟု ယူဆမိပါသည် အရှင်...။

■

mgyoe.com

mgyoe.com

# အစိုးရအမျိုးမျိုးနှင့် ထိုအစိုးရများကို ထူထောင်နည်းများ

လူသားတို့ကို အုပ်စိုးခဲ့သမျှ အုပ်စိုးနေသမျှ အစိုးရ နှစ်မျိုးနှစ်စားသာ ရှိသည်။တစ်မျိုးကား သမ္မတအစိုးရဖြစ်ပြီး နောက်တစ်မျိုးကား ပဒေသရာဇ် အစိုးရဖြစ်သည်။ ပဒေသရာဇ်မင်းအစိုးရများသည် မိသားစုတစ်စုက နှစ်ပရိစ္ဆေဒပေါင်းများစွာ အစဉ်တစိုက် လက်ပြောင်းလက်လွှဲ မျိုးဆက်မျိုးစဉ် အရ အုပ်ချုပ်လာသော အစိုးရမျိုးများ ဖြစ်သည်။ သို့မဟုတ် မကြာမတင်ကမှ တည်သော နန်းဆက်အသစ် ဖြစ်တတ်သည်။

တချို့က အသစ်တည်သော နန်းဆက်မင်းမျိုးတို့သည် မီလန်မြို့ပြနိုင်ငံမှ ဖရန်စစ္စကိုစဖိုဇာကဲ့သို့သော မင်းသစ် အသစ်ချပ်ချွတ်မျိုးဖြစ်သည်။ သို့မဟုတ် စပိန်ပြည်ရှင်က နေပဲလ်မြို့ပြနိုင်ငံငယ်ကို သိမ်းပိုက်အစိုးရလာသည်ကဲ့သို့ မူလ ရှိရင်းစွဲ ပိုင်ဆိုင်မှုကို ထပ်တိုးချဲ့ထွင်လာသော အစိုးရမျိုး ဖြစ်သည်။

ထိုသို့ သိမ်းပိုက်ရယူသော နယ်ပယ်များသည် ယခင်က အခြားတစ်ပါးသော မင်း၏နယ်ပယ် သို့မဟုတ် လွတ်လပ်သောတိုင်းပြည်အဖြစ် တည်ရှိခဲ့သော နယ်ပယ်မျိုးဖြစ်တတ်ပြီး ထိုနယ်ပယ်ကို မင်းကိုယ်တိုင် သို့မဟုတ် မင်း၏ကုသိုလ်ကံ ဘုန်းတံခိုး သို့မဟုတ် အခြားထူးထွေသော စွမ်းရည်ကြောင့် ထိုမင်းလက်ထဲ ကျရောက်လာသော နယ်ပယ်များ ဖြစ်လေ့ရှိသည်။

■

mgyoe.com

mgyoe.com

# မင်းမျိုးမင်းဆက် အစိုးရများ

ဤနေရာတွင် ကျွန်တော်မျိုး သမ္မတနိုင်ငံများ၊ သမ္မတအစိုးရများ အကြောင်း မလျှောက်ထားတော့ပါ။ ထိုနိုင်ငံမျိုး၊ အစိုးရမျိုးများအကြောင်း အခြားတစ်နေရာတွင် ပြည့်ပြည့်ဝဝ စေ့ငုသုံးသပ်ထားပါသည်။ ဤနေရာတွင် ပဒေသရာဇ်အစိုးရများ အကြောင်းသာ သုံးသပ်မည်ဖြစ်ပြီး အထက်တွင် ဖော်ပြခဲ့သော မင်းနိုင်ငံဟောင်း၊ မင်းနိုင်ငံသစ်တို့အား မည်ကဲ့သို့ စီမံအုပ်ချုပ် ထိန်းသိမ်းနိုင်ကြောင်း ဆန်းစစ်ပါမည်။ ကနဦးအနေဖြင့် ပြောရလျှင် မင်းဆက်ဟောင်းတို့သည် ယင်းတို့၏အုပ်ချုပ်မှုကို အသားကျနေသောနိုင်ငံကို အုပ်ချုပ်ရသည်ဖြစ်သောကြောင့် မင်းဆက်သစ်များလောက် အခက်အခဲ မတွေ့ရတတ်ချေ။ ဘိုးဘေးအစဉ်အလာ ဓလေ့ထုံးများကို မကျူးလွန် မဖောက်ဖျက်မိအောင် စောင့်ထိန်းရန်မှာ လွယ်ကူသလို ကြိုတင်မမြင်မိခဲ့သည့် အခြေအနေများ ကြုံလာပါလျှင် အလိုက်သင့်ပြုပြင်ပြောင်းလဲမှုများ ပြုရုံမျှဖြင့် လုံလောက်တတ်သည်။ အလွန်ထူးခြားသော အခြေအနေနှင့် အလွန်ကြီးမားသော အင်အားတစ်ရပ်ရပ်က တိုက်ခိုက်မလာသမျှ ဤမျိုးဆက်မင်းဟောင်းသည် ထူးထွေစွာ လုံ့လမထုတ်ပါဘဲ တိုင်းပြည်ကို ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ မင်းအာဏာကို ဆက်လက်ကိုင် စွဲထားနိုင်သည်။ မကြာမတင်ကာလကမှ မင်းဖြစ်လာသည့် အာဏာရှင်အသစ်ဖြစ်နေပါလျှင် ထီးနန်းစွန့်ရကိန်း ဆိုက်ခဲ့ပါလျှင်လည်း ထီးနန်းကို ပြန်လည်သိမ်းပိုက်နိုင်ပေမည်။

mgyoe.com

mgyoe.com


သာဓကအဖြစ်ရှုစရာ အီတလီနိုင်ငံသား ဖာရာရာနယ်စားရှိသည်။ သူသည် ၁၄၈၄ ခုနှစ်တွင် ဗဲနစ်သားတို့၏ထိုးစစ်နှင့် ၁၅၁၀ခုနှစ်တွင် ပုတ်ရဟန်းမင်းကြီး ဂျူလီယက်တို့၏ထိုးစစ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ထိုသို့ ခံနိုင်ရည်ရှိခဲ့သော တစ်ခုတည်းသော အကြောင်းတရားမှာ ထိုနယ်ပယ်သည် သူ့မိသားစု အစဉ်တစိုက် စိုးမိုးအုပ်ချုပ်လာခဲ့သော ဘိုးဘွားပိုင်မြေဖြစ်နေခဲ့သောကြောင့်ပင် ဖြစ်သည်။ အစဉ်လာအရ တရားဝင်မင်းဖြစ်နေခဲ့ခြင်းကြောင့် ပြည်သူအနေဖြင့် ငြိုငြင်စရာ မရှိခဲ့လှချေ။ ထိုသို့သော မျိုးဆက်မင်းတို့တွင် စွံမုန်းစရာ ထူးထူးခြားခြား အကျင့်စရိုက်မျိုး မရှိသမျှကာလပတ်လုံး လူထုက သံယောဇဉ်ရှိ မေတ္တာထားပေမည်မှာ သဘာဝကျသည်။ မင်းဆက် သံမဏိရှည်ကြာသည်နှင့်အမျှ ပြည်သူတို့သည် သူဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့သည်များကို မေ့လျော့၍ အသားကျလာပေမည်။ ပြုပြင်ပြောင်းလဲမှုတစ်ရပ်သည် အခြားပြုပြင်ပြောင်းလဲမှုတစ်ရပ်အတွက် ကြိုတင်လမ်းကြောင်းချက် သဘာဝရှိသည်ကိုလည်း သတိချပ်ပါ။

■

mgyoe.com

mgyoe.com

# ထွေထွေပြားပြား မင်းနိုင်ငံများ

တကယ့်အခက်အခဲကို မင်းနိုင်ငံအသစ်၊ ပဒေသရာဇ်အစိုးရအသစ်များတွင် ကြုံရလေ့ရှိသည်။ ပဓာနထားပြောရပါလျှင် မင်းအသစ်သက်သက်မဟုတ်ပါဘဲ ရှုပ်ရှုပ်ထွေးထွေး နိုင်ငံရေးအခြေအနေ နန်းလုမှုမှ မင်းတစ်ပါးထွက်ပေါ်လာခြင်းဖြစ်ပါလျှင် ပို၍အခက်ကြုံသည်။ လူတို့သည် ကိုယ့်ဘဝကောင်းစားရေးကို မျှော်ရည်လျက် စိတ်လိုလက်ရ သခင်ပြောင်းလေ့ရှိကြသည်။ အုပ်ချုပ်သူမင်းကို ပြောင်းလဲရန် လက်နက်စွဲကိုင် တိုက်ခိုက်လေ့ရှိကြသည်။ သို့သော် သခင်အရွေးမှား၍ မကောင်းသည့်ဘဝမှ ပို၍ဆိုးသည့်အနေသို့ ဆိုက်ရောက်သွားကြောင်း၊ အတွေ့အကြုံက ပြလာလျှင် ပုန်ကန်ခြားနားမှု ပြုပြန်လေရာ ဤ ကသောင်းကနင်း အခြေအနေများက တိုင်းပြည်အသစ်ကို အုပ်ချုပ်ရခက်စေသည်။ အခြား သဘာဝကျကျကြုံသော ပြဿနာတစ်ရပ် ရှိသေးသည်။ ထိုပြဿနာကား နယ်မြေတစ်ခုကိုသိမ်းပိုက်ရာတွင် ထိုမင်းနှင့် ထိုမင်း၏ စစ်သည်များက ပြည်သူလူထုတို့ကိုပြုသော မရေမတွက်နိုင်အောင်များပြားသော ထိပါးမှုများကြောင့် ဖြစ်ပေါ်လာသော ပြဿနာများပင် ဖြစ်သည်။

ထို့ကြောင့် မင်းတို့သည် နယ်မြေတစ်ခုကို သိမ်းပိုက်ရာတွင် ထိပါးမိသော သူတို့အားလုံးကို ရန်သူအဖြစ်ရရှိသာမကသေး ထိုနယ်မြေဒေသကို တိုက်ခိုက်သိမ်းပိုက်ရာတွင် ကူညီပံ့ပိုးပေးခဲ့သော မဟာမိတ်တို့အား သူတို့မျှော်လင့်ထားခဲ့သည့် အတိုင်းအတာအလျောက် အပြည့်အဝ တုံ့ပြန်ဖြည့်

mgyoe.com

mgyoe.com


ဆည်းပေးနိုင်ခြင်း မရှိတတ်သောကြောင့် သူတို့၏ခင်မင်မှုကို ဆက်လက် ရယူမထားနိုင်ချေ။ ထိုမျှသာမကသေး သူတို့၏ ကျေးဇူးမကင်းသောကြောင့် သူတို့ကို အကြမ်းဖက်ကိုင်တွယ်၍ မရချေ။ ထိုအကြောင်းတရားကြောင့် ပင်လျှင် နယ်မြေသိမ်းတပ်မတော်၏အင်အား မည်မျှကြီးမားသည်ပင်ဖြစ်စေ ထိုနယ်မြေဒေသကို သိမ်းပိုက်ထားနိုင်ရန်အတွက် ဒေသခံတို့၏ လက်ခံမှု လိုအပ်သည်။ ဤသဘောကြောင့်ပင်လျှင် ပြင်သစ်နိုင်ငံ၏ ဆယ့်နှစ်ဆက် မြောက် လူးဝစ်ဘုရင်သည် မီလန်ဒေသကို အလွယ်တကူသိမ်းပိုက်ရရှိခဲ့ပါ သော်လည်း ချက်ချင်းပင် လက်လွှတ်ဆုံးရှုံးလိုက်ရသည်။ ပထမအကြိမ်တွင် မူ နယ်စားကြီး လူဒိုဗီကို၏ အင်အားမျှဖြင့် ပြန်လည်လုယူသိမ်းပိုက်ရန် လုံလောက်ခဲ့သည်။ ဤသည်မှာ လူးဝစ်ဘုရင်ကို လိုလိုလားလား တံခါးဖွင့် ပေးခဲ့သော ပြည်သူပြည်သားတို့သည် သူတို့မျှော်လင့်သလို အကျိုးမဖြစ်ဘဲ လှည့်စားခံလိုက်ရပြီဟု ခံစားလာရပြီး မင်းအသစ်၏ စိတ်ပျက်စရာ အုပ်ချုပ် ရေးကို သည်းခံနိုင်ခြင်းမရှိခဲ့တော့၍ ဖြစ်သည်။

ပုန်ကန်ခြားနားသော နယ်မြေဒေသများကို ပြန်လည်သိမ်းပိုက်ပြီး နောက် လွယ်လင့်တကူ ပြန်လည် လက်လွှတ်ဆုံးရှုံးသွားလေ့မရှိသည် ကလည်း မုချအမှန်ပင် ဖြစ်သည်။ ပုန်ကန်ခြားနားဝံ့ခဲ့မှုကြောင့်ပင်လျှင် မင်း သည် သူ့အနေအထားခိုင်မာစေအောင် လက်မရွံ့ပြုရက်သည်။ ပုန်ကန်သူ တို့ကို ပီပြင်စွာဒဏ်ခတ်၊ မယုံကြည်ရသူများကို ဖော်ထုတ်၊ မိမိ၏ ပျော့ကွက် အားနည်းချက်များကို အားဖြည့်မှုများပြုသည်။ ထို့ကြောင့် နယ်နိမိတ်တစ် ဖက်တွင် လူဒိုဗီကိုနယ်စားကဲ့သို့သောသူ ပေါ်ရုံမျှလောက်ဖြင့်ပင် ပြင်သစ် နိုင်ငံသည် မီလန်ဒေသကို ပထမအကြိမ်တွင် လက်လွှတ်လိုက်ခဲ့ရပါသော် လည်း တစ်ကမ္ဘာလုံးက ပြင်သစ်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်နေပြီး ပြင်သစ် တပ်များ အီတလီနိုင်ငံမှ ရှုံးနိမ့်ထွက်ပြေးရသည့် အခြေအနေသို့တိုင်မှသာ လျှင် မီလန်ဒေသကို ဒုတိယအကြိမ် လက်လွှတ်ခဲ့ရသည်။ ထိုသို့ ခိုင်မာစွာ ဆုပ်ကိုင်ထားနိုင်ခြင်းမှာ အထက်တွင် ဆိုညွှန်းပြုခဲ့သည့် အကြောင်းတရား များကြောင့်ပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ပထမနှင့် ဒုတိယနှစ်ကြိမ်စလုံးပင်လျှင် ပြင်သစ်တို့ လက်လွှတ်ဆုံးရှုံးလိုက်ရသည်။ ပထမအကြိမ် ဆုံးရှုံးခဲ့ရသည့် ယေဘုယျ အကြောင်းတရားများကို ဆွေးနွေးသုံးသပ်ခဲ့ပြီး ဖြစ်သည်။ ဒုတိယအကြိမ်

mgyoe.com

mgyoe.com


လက်လွတ်ဆုံးရှုံးရသည့် အကြောင်းတရားများနှင့် ထိုသို့မဆုံးရှုံးရအောင် ပြင်သစ်နိုင်ငံက မည်သို့ကာကွယ် ရှောင်တိမ်းနိုင်ကောင်းခဲ့သည် သို့မဟုတ် ပြင်သစ်ဘုရင်က မဆောင်ရွက်ခဲ့သည့် မည်သည့်အချက်များကို အခြားအုပ်ချုပ်သူတစ်ဦးက ဆောင်ရွက်နိုင်ကောင်းသည်ဟူသော အချက်များကို ယခု စောကြောပါမည်။

နိုင်ငံတစ်နိုင်ငံ၏ သိမ်းပိုက်ပေါင်းစည်းခံရသော ထိုနယ်ပယ်များမှ လူတို့သည် သိမ်းပိုက်နိုင်ငံနှင့် လူမျိုးတူ ဘာသာစကား တူကောင်းတူမည်။ သို့မဟုတ် တူချင်မှ တူမည်။ တူညီပါလျှင် ယင်းတို့ကို အုပ်စိုးရ လွယ်ကူသည်။ အထူးသဖြင့် လွတ်လပ်မှုကို မသိမကြုံဖူးသူများဖြစ်လျှင် ပို၍လွယ်ကူသည်။ သူတို့ကို ခိုင်ခိုင်မာမာ အုပ်စိုးထားနိုင်ရန်အတွက် ယခင်က သူတို့ကို အုပ်စိုးခဲ့သော မင်းမျိုးဆက်တို့ သုဉ်းရန် လိုအပ်သည်။ ကျန်အရေးများတွင်မူ အသားကျနေခြင်းကို အနှောင့်အယှက်မပြုအပ်ချေ။ ဓလေ့ထုံးစံများ ကွဲပြားခြားနားခြင်းမရှိသောအခါတွင် ပြည်သူလူထုသည် ယင်းတို့၏ မင်းစိုးရာဇာအသစ်များလက်အောက်တွင် အေးဆေးစွာ အခြေချမည်။ ပြင်သစ်နိုင်ငံနှင့် ကာလကြာမြင့်စွာ ညီညွတ်ပေါင်းစည်းနေသော ဘာဂန်ဒီ၊ ဗြိတိန်နီ၊ ဂက်စ်ကိုနီနှင့် နော်မန်ဒီဒေသတို့တွင် ဤအခြေအနေကို မြင်နိုင်သည်။ ဘာသာစကားတွင် အနည်းငယ် ကွဲပြားကောင်းကွဲပြားမည်ဖြစ်သော်လည်း လူထု၏ ဓလေ့ထုံးစံများမှာ တူညီနေသောကြောင့် အဆင်ပြေစွာ ဒွန်တွဲနေနိုင်သည်။ ထိုကဲ့သို့ နယ်မြေဒေသများကို သိမ်းပိုက်ရရှိပြီး ဆက်လက်အုပ်စိုးထားလိုသူသည် အချက်နှစ်ချက်ကို သတိချပ်ရမည်။ ပထမတစ်ချက်ကား မင်းဟောင်းမျိုးဆက် သုဉ်းရန် လိုအပ်သည်။ ဒုတိယတစ်ချက်ကား ယင်းတို့ဥပဒေများ သို့မဟုတ် အခွန်အကောက်များကို မည်သို့မှ ပြုပြင်ပြောင်းလဲမှု မပြုရန်ပင် ဖြစ်သည်။ ဤနည်းဖြင့် ယင်းတို့သည် အချိန်တိုတို အတွင်းမှာပင် နယ်ချဲ့သိမ်းပိုက်နိုင်ငံ၏ လက်အောက်တွင် အသားကျ တစ်ပြေးညီ ညီညွတ်ပေါင်းစည်းဝင်သွားပေမည်။

သို့သော် ဘာသာစကား၊ ဥပဒေနှင့် ဓလေ့ထုံးစံ ကွဲပြားခြားနားသော နယ်ပယ်များကို သိမ်းပိုက်ရရှိသောအခါတွင် ကျော်လွှားရမည့် အခက်အခဲများ ကြီးမားပြီး ထိုဒေသမျိုးကို အုပ်စိုးထိန်းသိမ်းထားနိုင်ရန် ကုသိုလ်ကံကောင်းရန်လိုသလို လုံ့လကြီးမားရန်လည်း လိုအပ်သည်။ ထိုနယ်ပယ်သစ်

mgyoe.com

mgyoe.com


ကို စိုးမိုးထားနိုင်ရန် အကောင်းဆုံးနှင့် အသေချာဆုံးနည်းလမ်းကား ထိုအရပ်ဒေသမှာပင် ထိုင်နန်းစိုက်ရန် ဖြစ်သည်။ ထိုသို့ ထိုင်နန်းစိုက်ခြင်းက ပိုင်ဆိုင်မှုပိုမိုခိုင်မာစေသလို ရေရှည်တည်မြဲမှု ရှိစေသည်။ ဂရိနိုင်ငံတွင် တူရကီတို့ ဤသို့ ပြုထားကြသည်။ ထိုဒေသကို အုပ်စိုးထားရန် သောင်းသောင်းပြောင်းပြောင်း မည်သို့ ဆောင်ရွက်ထားခဲ့သည်ဖြစ်စေ ထိုနေရာသို့ သွားရောက်ထိုင်နန်းမစိုက်ခဲ့ပါလျှင် အုပ်စိုးထားနိုင်ခဲ့မည်မဟုတ်ချေ။

နေရာတွင်ရှိနေခြင်းကြောင့် ဒေသမငြိမ်မသက်ဖြစ်စရာ အကြောင်းဖန်လာပါက မြန်ဆန်စွာ ဖြေရှင်းနိုင်သည်။ သို့သော် ဝေးလံသောအရပ်တွင်နန်းစိုက်နေပါက ပြဿနာများ အုပ်မနိုင် စည်းမရတော့သည့်အနေသို့ ဆိုက်ရောက်ပါမှ သိရမည်။ ထို့အပြင် မင်းကိုယ်တိုင် နန်းစိုက်နေသောအရပ်ဖြစ်၍ လက်အောက်ခံ မင်းမှုထမ်းများ စရိုက်မပျက်ရဲသောအနေတွင် ပြည်သူလူထုသည် မင်းထံ တိုက်ရိုက်လျှောက်ထား၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် တောင်းဆိုနိုင်သည်။ ထိုသို့ မင်းနှင့်အထိအတွေ့ ရှိနိုင်ခြင်းကြောင့်ပင် မင်းပေါ်သစ္စာရှိလိုသူတို့သည် မင်းကို ချစ်ခင်ကြည်ညိုစရာအကြောင်း ပို၍ တွေ့နိုင်မည်ဖြစ်သလို ဆန့်ကျင်ဖက်ဆန္ဒများ ပေါ်ပေါက်ခဲ့လျှင်လည်း မင်းကိုကြောက်ရွံ့ခန့်ညားစရာအကြောင်း ပို၍ရှိပေမည်။ ထိုဒေသကို သိမ်းပိုက်လိုသမျှ ပြည်ပအင်အားသည်လည်း လွယ်လွယ်ကူကူ ကျူးကျော်လာရဲမည်မဟုတ်ချေ။ ထိုအရပ်တွင် မင်းနန်းစိုက်သမျှ သူ့ကို ဖြုတ်ချရန် အလွန်ခက်ခဲပေမည်။

အခြား ပို၍ကောင်းသော နည်းတစ်နည်းကား နယ်မြေ၏ အဓိကနေရာများတွင် လူနေမှုအသိုက်အမြုံများ တည်ခြင်းပင်ဖြစ်သည်။ ထိုသို့မပြုပါလျှင် လက်နက်ကိုင်အင်အား များစွာထားရန်လိုမည်။ ထိုလူနေမှုအသိုက်အမြုံလေးများ တည်ခြင်းအတွက် မင်းသည် စရိတ်စက အနည်းငယ်မျှသာ ကုန်မည်။ သို့မဟုတ် သူ့ထံမှ ငွေကြေးတစ်ပြားတစ်ချပ်မျှ မကုန်ဘဲ ထိုလူနေမှုအသိုက်အမြုံများတည်ရန်၊ ထိန်းသိမ်းထားရန် လူများစေလွှတ်နိုင်သည်။ ထိုလူနေမှုအသိုက်အမြုံအသစ်များ တည်မည့်သူတို့ကို ပေးအပ်ရန်အတွက် သူသိမ်းပိုက်လိုက်ခဲ့သော မြေရှင်အိမ်ရှင်တို့သာလျှင် ထိခိုက်နစ်နာမည်ဖြစ်ပြီး ဤအိမ်သိမ်း၊ မြေသိမ်းခံရသူတို့မှာလည်း နိုင်ငံ၏အနည်းအပါးမျှသော လူစုလေးဖြစ်ပြီး ထိုသူတို့မှာ ဆင်းရဲချို့တဲ့သလို ဒေသအနှံ့ ပြန့်ကျဲနေသော

mgyoe.com

mgyoe.com


သူများဖြစ်၍ သူ့ကို မည်သို့မျှထိခိုက်အောင် မပြုနိုင်ချေ။ တစ်ဖက်တွင်မူ ကျန်ပြည်သူပြည်သားအားလုံး မည်သို့မျှထိခိုက်မှုမရှိသောကြောင့် သူတို့ကို အလွယ်တကူ နှိပ်ကွပ်၍ရသည်။ ထို့အပြင် အိုးအိမ်သိမ်းပိုက်၊ နယ်ပြောင်းခံရသူတို့အဖြစ်မျိုး ကြုံမည်စိုးသောကြောင့် ရှဲ့ရှဲ့ယုတ်ယုတ်နေကြပေမည်။ အနှစ်ချုပ်ပြောရလျှင် ဤလူမှုအသိုက်အမြုံသစ်တည် နယ်ပယ်သစ်များသည် စရိတ်စက အလျဉ်းကင်းစွာ တည်နိုင်သော နယ်ပယ်များဖြစ်ပြီး ပုံမှန်ထက်ပို၍ သစ္စာစောင့်သိ ကျိုးနွံမှုရှိကြသည်။ အထက်တွင် ကျွန်တော်မျိုး ဆိုညွှန်ထားသည့်အတိုင်းပင်လျှင် အိုးအိမ်အသိမ်းအပိုက်ခံရသူများကား ဆင်းရဲသည့်အပြင် သင်းကွဲပျံ့နှံ့နေပါသောကြောင့် အုံကြွနိုင်သည့် အနေအထားမရှိချေ။ သူတို့အား ချီးမြှင့်မှုပြုရမည် သို့မဟုတ် ချေမှုန်းမှုပြုရမည်ကို သတိချပ်ပါ။ သူတို့သည် ထိပါးမှုလေးများအတွက် လက်တုံ့ပြန်ကလဲ့စားချေမည်ဖြစ်သော်လည်း ကြီးမားသောထိပါးမှုများအတွက် လက်စားချေနိုင်သည့်အစွမ်းမရှိချေ။ ထို့ကြောင့် လူတစ်ဦးကိုနှိပ်ကွပ်လျှင် သူလက်တုံ့ပြန်နိုင်စွမ်းမရှိအောင် နှိပ်ကွပ်ရမည်။ သို့သော် လူ့အသိုက်အမြုံတစ်ခုတည်သည့်အစား စစ်စခန်းတစ်ခုတည်လျှင် ကုန်ကျစရိတ် များစွာလိုမည်ဖြစ်သလို ထိုဒေသမှအခွန်အကောက်မှန်သမျှ ထိုဒေသကို စောင့်ကြပ်နေရာတွင်သာ ကုန်ခန်းနေပေမည်။ ထို့ကြောင့် စစ်အင်အားဖြင့် သိမ်းပိုက်ထားခြင်းသည် အကျိုးအမြတ်ကင်းမည်ဖြစ်ပြီး စစ်တပ်တစ်တပ်သည် ယင်းစခန်းချရာ နယ်မြေဒေသမှလူတစ်ဦးတစ်ယောက်မကျန် ကယောက်ကယက် ထိပါးမှု တစ်မျိုးတစ်ဖုံပြုတတ်ပါသောကြောင့် ပြည်သူလူထု၏ ငြိုငြင်မှုသာ ပိုခံရမည်။ ထိုသို့ လက်အောက်ခံဖြစ်နေရခြင်းက အဆင်မပြေသည့်အနေတွင် လူတိုင်း ရန်သူဖြစ်လာပြီး ဤသူတို့ကား ရှုံးနိမ့်နေသူများဖြစ်သော်လည်း မိမိအိုးအိမ်မှာပင်ဆက်လက်တည်ရှိနေသောကြောင့် အုံကြွနိုင်သောရန်သူများ ဖြစ်ကြသည်။ ထို့ကြောင့် မည်သည့်ဖက်မှ တွက်သည်ပင်ဖြစ်စေ စစ်စခန်းတစ်ခုတည်ခြင်းက အကျိုးအရာမထင်သလောက် လူနေမှုအသိုက်အမြုံအသစ်တစ်ခု တည်ခြင်းက အကျိုးများစွာရှိ အသုံးတည့်ပေသည်။

ထို့အပြင် အထက်တွင်ဖော်ပြထားသော တိုင်းတစ်ပါးနယ်ပယ်မှ အုပ်စိုးသူ မင်းသည် သူ့လောက်အင်အားမရှိသော အိမ်နီးချင်းနိုင်ငံအား ကာကွယ်စောင့်ရှောက်သူ ဒေသခေါင်းဆောင် မင်းတစ်ပါးအဖြစ်သို့ ရောက်

mgyoe.com

mgyoe.com


အောင် သူ့ကိုယ်သူ တင်မြှောက်ရမည်။ ပို၍အင်အားကြီးမားသော အိမ်နီးချင်းဒေသနိုင်ငံကို အင်အားဆုတ်ယုတ်အောင်ပြု၍ ထိုနယ်ပယ်ဒေသကို သူ့လောက်အင်အားမရှိသော တိုင်းတစ်ပါးသားတို့ ကျူးကျော်ဝင်ရောက်မှု မပြုနိုင်အောင် ကာကွယ်စောင့်ရှောက်ရမည်။ ထိုအခါတွင် သူသည် ဂရိနိုင်ငံတွင်းသို့ ဝင်ရောက်ရန် ရောမများကိုဖိတ်ကြားခဲ့သော အီတိုလီယံသားများ အဖြစ်တွင် တွေ့မြင်ရသည့်အတိုင်းပင် ကိုယ့်အတ္တကြောင့် သို့မဟုတ် စိုးရိမ်ကြောက်လန့်မှုကြောင့် မကျေမနပ်ဖြစ်နေသော သူတို့ထံမှ ဝင်ရောက်စွက်ဖက်ပေးပါရန် ဖိတ်ခေါ်ပန်ကြားမှုကို ခံရပေမည်။ နယ်ပယ်အသစ်တစ်ခုကို တိုင်းတစ်ပါး အင်အားကြီးတစ်ခု ဝင်ရောက်ပါလျှင် အုပ်စိုးသူကို ဘဝင်မကျသော အင်အားနည်းပါးသည့် ဒေသခံ မင်းသိမ်မင်းမြှောင်အားလုံး သူ၏ဘက်တော်သားများ ဖြစ်လာကြသည်မှာ ထုံးစံပင်ဖြစ်သည်။ ထို မင်းသိမ်မင်းမြှောင်များသည် သူ သိမ်းပိုက်လိုက်သော နိုင်ငံနှင့် စိတ်လိုလက်ရပူးပေါင်းမည်ဖြစ်သောကြောင့် သူတို့ကို သူ့ဘက်သို့ အခက်အခဲမရှိ စည်းရုံးသိမ်းသွင်းနိုင်သည်။ ထို မင်းသိမ်များ အင်အားနှင့် ဩဇာ သိပ်မကြီးမားလာစေရန်သာ သူ ဂရုစိုက်ရမည်ဖြစ်ပြီး သူ၏ ကိုယ်ပိုင်အင်အားနှင့် သူတို့၏ကြည်ဖြူမှုဖြင့်ပင် အင်အားရှိနေသူတို့ကို နှိပ်ကွပ်၍ ထိုအရပ်ဒေသ၏ တရားဖြောင့်မတ်သော မင်းအဖြစ် ရပ်တည်နိုင်သည်။ ဤသို့အုပ်စိုးမှုမပြုသောသူသည် သူရရှိပိုင်ဆိုင်သမျှကို မကြာမတင်မှာပင် ပြန်လည် လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သလို အုပ်စိုးနေသည့် ကာလမှာလည်း အတိုင်းအဆမသိဒုက္ခသုက္ခ အခက်အခဲ များပြားပေမည်။

ရောမတို့သည် သူတို့သိမ်းပိုက်သော နယ်မြေဒေသများတွင် ဤကျင့်ထုံးကို အမြဲတစေလိုက်နာခဲ့သည်။ သူတို့သည် လူနေမှုအသိုက်အမြုံအသစ်များ တည်ခဲ့သည်။ အင်အားနည်းပါးသူတို့ကို အင်အားမတိုးပွားစေဘဲကျုံးသွင်းသည်။ အင်အားအကြီး မားဆုံးသူတို့ကို နှိပ်ကွပ်လိုက်သည်။ တိုင်းတစ်ပါးမင်းတို့ ဩဇာမညောင်းလာအောင် ကွပ်ကဲထားသည်။ ဂရိနယ်မြေဒေသကို သာဓကအဖြစ် ကျွန်တော်မျိုးပြသပါမည်။ သူတို့သည် အာချီယန်များနှင့် အေတိုလီယန်များနှင့် မဟာမိတ်ပြုခဲ့သည်။ မက်ဆီဒိုနီယာမင်းနိုင်ငံကို ချေဖျက်၍ အန်တီချစ်များကို မောင်းထုတ်ခဲ့သည်။ သို့တိုင်အောင် အာချီယန်များနှင့် အေတိုလီယန်များ နယ်မြေတိုးပွားမရရှိအောင်

mgyoe.com

mgyoe.com


ကာကွယ်ခဲ့သည်။ ဩဇာမလျော့ပါးသော ဖီလစ်ဘုရင်၏ မဟာမိတ်ဖွဲ့လာမှုကိုလည်း သူတို့ လက်မခံခဲ့ချေ။ အန်တီချုစ်တို့၏ အင်အားကြောင့် သူတို့ ထိုဒေသတွင် မည်သည့်ဒေသမှ စိုးမိုးခွင့်မပေးခဲ့ချေ။

ဤကိစ္စများတွင် ရောမတို့သည် မျက်မှောက်ကာလသာမက အနာဂတ် ကသောင်းကနင်းအခြေများကို ကြိုတင်မြင်ပြီး ဝီရိယကြီးစွာစောင့်ကြပ်သော ပညာပြည့်ဝသည့် မင်းများကဲ့သို့ ပြုမူခဲ့ခြင်းပင်ဖြစ်သည်။ ကြိုတင်သိခြင်းကြောင့် အလွယ်တကူပြုပြင်၍ရသော်လည်း ပြဿနာတက်လာသည်အထိ စောင့်ဆိုင်းပါလျှင် ကုသမရနိုင်တော့အောင် ဥပါဒ်က ပြင်းထန်ပြီး ဆေးမမီတော့ချေ။ ဤဖြစ်စဉ်သည် သမားတော်များပြောဆိုသည်ကဲ့သို့ ငန်းဖျားဖျားခြင်းနှင့်တူသည်။ ကနဦးတွင် ကုသရန် လွယ်ကူသလောက် ရောဂါကိုသိရန် ခက်ခဲသည်။ သို့သော် ကနဦးတွင် ရောဂါသိ ကုသမှုမပြုနိုင်သောကြောင့် အချိန်ကြာသောအခါ ရောဂါသိရန်လွယ်သလောက် ကုသရန် ခက်ခဲသွားသည်။ တိုင်းရေးပြည်ရေးတွင်လည်း ဤသို့ပင်ဖြစ်သည်။ (သတိကြီး သူတို့တွင်ရှိသော စွမ်းရည်ဖြစ်သော) ပြဿနာတက်နိုင်မှုများကို ကာလကြာစွာက ကြိုတင်မြင်နိုင်ခဲ့သော ရောမများသည် ကုသနည်းကို အမြဲတစေ ရှာဖွေတွေ့ရှိခဲ့ပြီး စစ်ဘေးကို ရှောင်ရှားနိုင်စေရန်အတွက် ထိုပြဿနာတို့ကို မည်သည့်အခါမှ တိုးပွားခွင့်မပေးခဲ့ချေ။ စစ်မည်သည် ရှောင်ရှားဖွယ်ရာ အရာတစ်ခုမဟုတ်သလို စစ်ကိုမပြုရအောင် ရှောင်ရှားရွှေ့ဆိုင်းခြင်းသည် တစ်ဖက်ရန်သူ အသာစီးရကိန်းသာ ဆိုက်စေမည်ဖြစ်ကြောင်းကို သူတို့ သဘောပေါက်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် ထို ကာလတစ်ခုတွင် ဂရိနိုင်ငံတွင်း၌ ဖီလစ်ဘုရင်နှင့်သော်လည်းကောင်း၊ အန်တီချုစ်သားများနှင့်သော်လည်းကောင်း စစ်မဖြစ်ပွားအောင် ရှောင်ရှားနိုင်ခဲ့သည့်တိုင်အောင် ထိုသို့ရှောင်လျှင် နောင်တွင် အီတလီနိုင်ငံတွင်း စစ်ပြုရကိန်းဆိုက်မည်ကို ကြိုတင်မြင်၍ လတ်တလော ဂရိနိုင်ငံတွင်းမှာပင် စစ်ကြေညာစစ်ပြုတိုက်ခိုက်ခဲ့သည်။ စစ်ကိုရှောင်ရှားနိုင်သည့်တိုင်အောင် အနာဂတ်အရေးကို ကြိုတင်တွက်ဆ၍ မျက်မှောက်စစ်ပြုလိုက်သည်။ လတ်တလော ပညာရှိများ၏ နှုတ်မှ ကြားရလေ့ရှိသည့် စကားစစ်ကို ရွှေ့ဆိုင်းမဖြစ်အောင် အချိန်ဆွဲထား၍ ရကောင်းသည့်အကျိုးကိုမမြင် ကိုယ့်သတိနှင့် သတ္တိကို ယုံကိုးခဲ့ကြသည့် အချိန်ကာလသည် ထွေထွေပြားပြား ဆရာပေါင်းစုံကို သူနှင့်

mgyoe.com

mgyoe.com

တစ်ပါတည်းယူဆောင်လာပြီး ကောင်းကောင်းဆိုးဆိုး အလေးမထားသော အကျိုးတရားတို့ကို ဖြစ်ကောင်းဖြစ်ပွားစေမည်။

ယခု ကျွန်ုပ်တို့ ပြင်သစ်နိုင်ငံဘက်မှပြန်လှည့်၍ သူပြုသင့်ခဲ့သည့် ဤအရာများ ပြုခဲ့ပါရဲ့လားဟု ဆန်းစစ်ကြည့်ကြပါစို့။ ဤနေရာတွင် ကျွန်ုပ်သည် ချားလ်ဘုရင်အကြောင်း ပြောမည်မဟုတ်ချေ။ အီတလီနိုင်ငံကို အုပ်စိုးသည့်ကာလ ပို၍ကြာ၍ လုပ်ရပ်များ ပို၍ထင်သာမြင်သာရှိသည့် လူးဝစ်ဘုရင်အကြောင်း ဆိုညွှန်းပါမည်။ သူသည် တိုင်းတစ်ပါးနိုင်ငံတစ်နိုင်ငံကို ပိုင်စိုးထားရန်အတွက် ပြုသင့်သည့်အချက် အားလုံးနှင့် ဆန့်ကျင်လုပ်ရပ်များ ပြုခဲ့ကြောင်းကို အရှင် တွေ့မြင်ပါလိမ့်မည်။ လူးဝစ်ဘုရင် အီတလီနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းကြောင့် လစ်ဘာဒီဒေသ နယ်မြေထက်ဝက်ကို သူတို့ပိုင်စိုးခွင့်ရမည်ဟု မျှော်လင့်ခဲ့သော ဗဲနစ်သားတို့ ဖိတ်ကြားချက်ဖြင့် လူးဝစ်ဘုရင်သည် အီတလီနိုင်ငံတွင်းသို့ ရောက်ရှိလာခဲ့သည်။ ဤနေရာတွင် ထိုသို့ကျူးကျော်လာမှုကြောင့်လည်းကောင်း၊ ထိုကိစ္စတွင် ပါဝင်ပတ်သက်မှုကြောင့်လည်းကောင်း လူးဝစ်ဘုရင်ကို ကျွန်ုပ်အပြစ် မဆိုလိုပါ။ သူသည် အီတလီနိုင်ငံတွင် ခြေကုပ်ယူလိုခဲ့သည်။ သို့သော် အီတလီနိုင်ငံတွင် မိတ်ဆွေတစ်ဦးတစ်ယောက်မျှ မရှိခဲ့ချေ။ မရှိသည်သာမက သူ့အရင် ချားလ်ဘုရင်ပြုရပ်ကြောင့် သူ့အတွက် တံခါးအားလုံး ပိတ်နေခဲ့သည်။ ထို့ကြောင့် သူသည် ရတတ်နိုင်သမျှမိတ်ကို ရအောင်ယူကိန်း ဆိုက်ခဲ့ရပြီး သူ၏အခြားလုပ်ရပ်များတွင် မမှားယွင်းခဲ့ပါလျှင် သူ၏အကြံအစည်များ လျင်မြန်စွာ အထမြောက် အောင်မြင်ခဲ့ပေမည်။

လပ်ဘာဒီဒေသကို ရရှိသိမ်းပိုက်လိုက်သည်နှင့် ဘုရင်လူးဝစ်သည် ဘုရင်ချားလ်ကြောင့် ပျက်စီးခဲ့သောဂုဏ်ကို ချက်ချင်းပင် ပြန်လည် အဖတ်ဆယ်နိုင်ခဲ့သည်။ ဂျီနိုအာမြို့ပြနိုင်ငံက လက်နက်ချခဲ့သည်။ ဖလော်ရင့်မြို့ပြနိုင်ငံသည် သူ၏ မဟာမိတ်ဖြစ်လာသည်။ မန်တူအာနယ်စား၊ ဖာရာရာနယ်စား၊ ဘန်တီဗိုဂလီနယ်စား၊ ဖောလီနယ်စားကတော် ဖာအန်ဇာ၊ ပီဆာရို၊ ရိမင်နီကာမီနိရိုနှင့် ပီအမ်ဘီနိုမြို့ပြများ၊ ပဒေသရာဇ်များ၊ လပ်တာ၊ ပီဆာနှင့် ဆိုင်နာမြို့များမှ မြို့သူမြို့သားများတို့သည် သူ့ကို ချစ်ကြည်ရေး ကမ်းလှမ်းလာခဲ့သည်။ ဗဲနစ်သားတို့သည် ထိုရောအခါမှ သူတို့ မဆင်မခြင်လုပ်ရပ်၏ အကျိုးဆက်ကို သတိပြုကောင်း ပြုမိခဲ့ကြပေမည်။ လပ်ဘာဒီဒေသတွင်

mgyoe.com

mgyoe.com


လက်တစ်ဆုပ်စာ မြို့လေးအနည်းငယ်မျှ ရရုံအတွက် ပြည်သူတို့သည် လူးဝစ်ဘုရင်ကို အီတလီနိုင်ငံ၏ သုံးပုံနှစ်ပုံမျှ၏ အရှင်သခင်အဖြစ် တင်မြှောက်မိသည့်အနေသို့ ဆိုက်ရောက်ခဲ့သည်။

ရှေ့တွင်ဖော်ပြခဲ့သော ကျင့်ထုံးများကိုသာ လူးဝစ်ဘုရင် လိုက်နာခဲ့ပါလျှင် အီတလီနိုင်ငံတွင် သူ့အနေအထားကို အခက်အခဲနည်းပါးစွာဖြင့် ဆက်လက်ထိန်းထားနိုင်ခဲ့မည်။ ဤ အရေအတွက်များပြားပါသော်လည်း အင်အားနည်းပါးပြီး သာသနာနှင့် ဗဲနစ်သားတို့ကို အကြောက်တရားကြီးမားပြီး သူ့ပေါ် သစ္စာစောင့်သိနေခဲ့သော မိတ်ဆွေများကို ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာ အုပ်စိုးထားခြင်းဖြင့် အင်အားကြီးမားနေသေးသမျှ သူတို့ကို နှိပ်ကွပ်ထားနိုင်ခဲ့မည်။ သို့သော်လည်း သူသည် မီလန်မြို့ပြနိုင်ငံတွင် ဖင်ပူအောင် အထိုင်မကျသေးခင်မှာပင် ပြုသင့်သမျှနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သမျှ ကြံခဲ့ရသည်။ သူသည် ရိုမက်နာဒေသကို သိမ်းပိုက်ရန် ပုတ်ရဟန်းမင်းကြီး အဲလက်ဇန္ဒြားကို အကူအညီပေးခဲ့သည်။ ဤသို့ပြုခြင်းသည် သူ့ထံ ခိုလှုံလာသူများ၊ သူ့မိတ်ဆွေများကို စွန့်ပယ်ပစ်ရာရောက်ပြီး သူ့ကိုယ်သူ အားနည်းအောင် ပြုခြင်းပင်မြောက်ကြောင်းကိုလည်း သူ သဘောမပေါက်ခဲ့ချေ။ လောကုတ္တရာအင်အားကို လောကီအင်အား ဖြည့်ဆည်းပေးခြင်းက သာသနာကို ပို၍ ဩဇာညောင်းလာစေခဲ့သည်။ ထိုပထမအမှားကို ပြုမိပြီးနောက်တွင် သူသည် နောက်တစ်ဆင့် မဖြစ်မနေ ဆက်လှမ်းရကိန်း ဆိုက်ခဲ့သည်။ အဲလက်ဇန္ဒြားအား တပ်ကန်နီဒေသ၏ အရှင်သခင်ဖြစ်မလာအောင် ကာကွယ်ဟန့်တားရန်အတွက် သူသည် အီတလီနိုင်ငံသို့ မဖြစ်မနေလာခဲ့ရသည်။ သာသနာအင်အားကြီးမားအောင် ပြုမိခြင်းကြောင့် မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည်ကိုပင် မရောင့်ရဲနိုင်သေးသည်အသွင်ဖြင့် သူသည် နေပဲလ် မြို့ပြနိုင်ငံကို လောဘတက်ပြီး စပိန်ဘုရင်နှင့် ခွဲဝေယူလိုက်သည်။

သူတစ်ပါးတည်းမင်းမူနေခဲ့သော အီတလီနိုင်ငံအတွင်းသို့ ယခု အပေါင်းအဖော်တစ်ဦးကို ခေါ်သွင်းလာခဲ့သည်။ သို့ဖြင့် သူ့ကို ဘဝင်မကျသူများသည် ဆည်းကပ်စရာ အခြားသူတစ်ဦး ရှိသွားစေခဲ့သည်။ ထိုအရပ်တွင် သူ့ကို သစ္စာခံသော မင်းသိမ်တစ်ပါးကို ထားခဲ့ရမည့်အစား ထိုမင်းသိမ်ကိုဖြုတ်ချ၍ သူ့ကို မောင်းထုတ်နိုင်သည့် စွမ်းရည်ရှိသော မင်းတစ်ပါးကို ခေါ်သွင်းလာခဲ့သည်။

mgyoe.com

mgyoe.com


ပိုင်ဆိုင်ရယူလိုစိတ်သည် အလွန်ပင် သဘာဝကျသော သာမန်စိတ်ဓာတ်မျှသာ ဖြစ်သည်။ ပီပြင်စွာ၊ အောင်မြင်စွာ ပိုင်ဆိုင်ရယူနိုင်သူတို့ကို လောကကြီးက အပြစ်ဆိုလေ့မရှိချေ။ ထောပနာပြု ချီးကျူးဂုဏ်ပြုလေ့ရှိသည်။ သို့သော် ပိုင်ဆိုင်နိုင်သော စွမ်းရည်မရှိပါဘဲ အာသာငမ်းငမ်း ရယူပိုင်ဆိုင်လိုလျှင် အမှားအယွင်းများ ကျူးလွန်မိတတ်သည်။ မကောင်းပြောခံထိုက်သူ ဖြစ်လာသည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံသည် ကိုယ့်ထီးတည်းကိုယ့်အင်အားဖြင့် နေပဲလ်မြို့ပြနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့လျှင် သိမ်းပိုက်သင့်သည်။ ထိုသို့ မသိမ်းပိုက်နိုင်လျှင်မူ ခွဲဝေမယူသင့်ခဲ့ချေ။ လွန်ဘာဒီဒေသကို ဗဲနစ်သားတို့နှင့် မျှဝေယူခြင်းကြောင့်သာ အီတလီနိုင်ငံတွင်းသို့ ခြေချခွင့်ရခဲ့သောကြောင့် ထိုသို့ပြုခြင်းအတွက် ပြင်သစ်ဘုရင်ကို ခွင့်လွှတ်နိုင်သည်။ နေပဲလ်မြို့ပြနိုင်ငံကို ခွဲဝေယူမှုကိုမူ မဖြစ်မနေလိုအပ်ချက်ဟု ဆင်ခြေမတက်သာသောကြောင့် ထိုပြုရပ်ကို အပြစ်ဆိုထိုက်သည်။

သို့ဖြင့် လူးဝစ်သည် အမှားငါးခု ကျူးလွန်မိခဲ့သည်။ သူသည် အင်အားနည်းသော မြို့ပြနိုင်ငံများကို ချေမှုန်းခဲ့သည်။ အီတလီနိုင်ငံတွင် မင်းတစ်ပါး၏ ဘုန်းတန်ခိုးအင်အား တိုးပွားစေခဲ့သည်။ နယ်မြေအတွင်းသို့ လွန်စွာအင်အားကြီးမားသော တိုင်းတစ်ပါးသားကို ခေါ်သွင်းလာခဲ့သည်။ ထိုအရပ်တွင် ကိုယ်တိုင်နန်းစိုက်မှုမပြုခဲ့သလို လက်အောက်ခံ လူအသိုက်အမြုံတစ်ခု တည်ခြင်းလည်း မပြုခဲ့ချေ။ သူသည် ဗဲနစ်သားတို့ နိုင်ငံကို သိမ်းယူခြင်းဟူသော ဆဌမအမှားကို မကျူးလွန်ခဲ့ပါလျှင် အထက်မှ အမှားများက သူ့ကို ထိခိုက်ခဲ့မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သာသနာကို အားဖြည့်ပြီး အီတလီနိုင်ငံတွင်းသို့ စပိန်လူမျိုးများကို မသွင်းလာခဲ့ပါလျှင် သူတို့ကို နှိပ်ကွပ်ရန်လိုအပ်သလို နှိပ်ကွပ်ခြင်းကလည်း မှန်ကန်ပေမည်။ ထိုကိစ္စကို ဆောင်ရွက်ခဲ့ပြီဆိုလျှင်လည်း သူတို့ ပျက်စီးရာပျက်စီးကြောင်းကို သဘောမတူသင့်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ဗဲနစ်သားတို့ အင်အားပြည့်နေပါလျှင် လွန်ဘာဒီကို တခြား သူတို့ကြံစည်မှုကို အဟန့်အတားဖြစ်ပေမည်။ ထိုသို့ အဟန့်အတားဖြစ်မည့်အကြောင်း တစ်စိတ်တစ်ပိုင်းမှာ ဗဲနစ်သားတို့က သူတို့သိမ်းပိုက်ရမည့်နေရာကို အခြားသူတို့ သိမ်းပိုက်ရယူသည်ကို လက်ခံမည်မဟုတ်သလို တစ်စိတ်တစ်ပိုင်းအားဖြင့် အခြား သူတို့ကလည်း ပြင်သစ်တို့လက်မှ လုယူ၍ ဗဲနစ်သားတို့လက် အပ်နှံလိုသည့်ဆန္ဒ

mgyoe.com

mgyoe.com


ရှိမည်မဟုတ်ချေ။ နှစ်ဖက်စလုံး တိုက်ခိုက်ရဲသည့်သတ္တိရှိမည်မဟုတ်ချေ။

စစ်မဖြစ်စေရန်အတွက် လူးဝစ်ဘုရင်သည် ရိုမက်ခ်နာအရပ်သား သာသနာပိုင် အဲလက်ဇန္ဒြားလက်သို့ပေးအပ်၍ နေပဲလ်မြို့ပြနိုင်ငံကို စပိန်လက်သို့ပေးအပ်ဟု တိုက်တွန်းသူရှိပါက ကျွန်တော်သည် ရှေ့တွင် ပေးပြီးသော အကြောင်းပြချက်ဖြင့်ပင် ထိုကိစ္စကို တုံ့ပြန်ရပေလိမ့်မည်။ ယင်းကား စစ်ကို ရှောင်လွှဲရန်အတွက် မည်သည့်အခါမှ နိုင်ငံဖရိုဖရဲအဖြစ် မခံသင့်ချေ။ အဘယ်ကြောင့်ဆိုသော် စစ်ကို ဤနည်းဖြင့် ရှောင်လွှဲ၍မရချေ။ စစ်ကို ရှောင်လွှဲရွှေ့ဆိုင်းခြင်းသည် မိမိ၏အသာစီးအနေအထား ပျက်ယွင်းသွားသည့် အနေအထားသာ ရောက်နိုင်သည်။ မိမိအိမ်ထောင်ရေးကို တရားမဝင် ကြေညာပေးခြင်း၊ မိမိကို ရိုဟန်ဒေသ ကာဒီနယ်ဂိုဏ်းချုပ်ဘုန်းတော်ကြီး အဖြစ် ခန့်အပ်ပေးမည်ဟူသော မက်လုံးများကြောင့် ပုတ်ရဟန်းမင်း၏ အကြိုက်ဆောင်ပေးသော မင်းတို့၏ ကတိကဝတ်နှင့်ပတ်သက်၍ ထားသင့်သည့်သဘောထားကို ကျွန်တော်နောက်တွင် ပြောကြားပါမည်။

သို့ဖြင့် လူဝီဘုရင်သည် နယ်မြေဒေသတစ်ခုကို သိမ်းပိုက်ရယူထားလိုသည့် ဆန္ဒရှိသူတို့ ပြုကျင့်သင့်သည့်အချက်များကို လုံးဝမပြုခဲ့သောကြောင့် လွန်ဘာဒီဒေသကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ဤဖြစ်ရပ်သည် အံ့ချီးဖွယ်ရာ ဖြစ်ရပ်တစ်ခုမဟုတ်သလို ဓမ္မဓိဋ္ဌာန်ကျသောကိစ္စ၊ သဘာဝကျသောကိစ္စပင် ဖြစ်သည်။ ဗယ်လင်တိုင်းဟု အများကသိကြသော ပုတ်ရဟန်းမင်းကြီး အဲလက်ဇန္ဒြား၏သားတော် ဆီဆာဘောဂီရာက ရိုမက်ခ်နာဒေသကို သိမ်းပိုက်ထားချိန်တွင် ဤအကြောင်းကို ကျွန်တော် ကာဒီနယ်ရိုဟန်နှင့် ပြောဖြစ်ခဲ့သေးသည်။ အီတလီသားများ စစ်ကိုနားမလည်ကြဟု ကာဒီနယ်ရိုဟန်က ပြောကြားသောအခါတွင် ပြင်သစ်များက နိုင်ငံရေးကို နားမလည်ကြဟု ကျွန်တော်က တုံ့ပြန်ပြောကြားခဲ့သည်။ နိုင်ငံရေးကို နားလည်ခဲ့လျှင် သူတို့သည် ခရစ်ယာန်သာသနာကို ထိုမျှအင်အားကြီးခွင့် ပေးခဲ့မည်မဟုတ်ချေ။ အီတလီနိုင်ငံတွင် သာသနာပိုင်မင်း အင်အားကြီးခဲ့ခြင်းနှင့် စပိန်တို့ အင်အားကြီးခဲ့ခြင်းမှာ ပြင်သစ်နိုင်ငံကြောင့်ဖြစ်ပြီး ပြင်သစ်နိုင်ငံက ထိုသို့ပြုခဲ့သည့် အကြောင်းဆက်တရား အကျိုးကြောင့်ပင် ပြင်သစ်နိုင်ငံ ပျက်စီးခဲ့ရသည်။ ထိုဖြစ်စဉ်မှသည် မည်သည့်အခါမှ ပျက်ပြားလေ့မရှိသော သို့မဟုတ် ပျက်ပြားရန်အနေအထား အလွန်ရှားပါး နည်းပါး

mgyoe.com

mgyoe.com

သည့် နိယာမတစ်ခုကို ရရှိနိုင်သည်။ ထိုနိယာမကား တစ်ပါးသူကို ဘုန်းတန်ခိုးအင်အားကြီးမားအောင် ပျိုးထောင်ပေးသူသည် သူပျိုးထောင်ပေးသူ၏ လက်ချက်ဖြင့်ပင် ပျက်စီးရာပျက်စီးကိန်းဆိုက်ရသည်။ ယင်းသို့ ပျက်စီးရသည့် အကြောင်းတရားမှာ သူသည် ထိုတစ်ပါးသူ အင်အားကြီးမားစေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် အကြံဉာဏ်အင်အားထုတ်ခဲ့သူ၊ ထုတ်လုပ်စွမ်းသူဖြစ်ပြီး ဘုန်းတန်ခိုးကြီးမားလာသူတို့သည် ထိုကာယဉာဏ အင်အားနှစ်ရပ်စလုံးကို သံသယဖြစ်ကြသည်။

■

mgyoe.com

mgyoe.com

## မဟာအဲလက်ဇန္ဒြားနောက် ဆက်ခံသောမင်းများလက်ထက်တွင် မဟာအဲလက်ဇန္ဒြားသိမ်းပိုက်ခဲ့သော ဒါရီအပ်မင်းနိုင်ငံသားတို့ ထကြွပုန်ကန်မှု မပြုခဲ့သည့်အကြောင်း

သိမ်းပိုက်ရရှိသော နိုင်ငံသစ်များကို ဆက်လက်ထိန်းသိမ်းရခြင်းမှာ ခက်ခဲလှသည်။ ထိုသို့ခက်ခဲလှသည့်အနေတွင် မဟာအဲလက်ဇန္ဒြားသည် နှစ်အနည်းငယ်အတွင်းမှာပင် အာရှဒေသ၏ အရှင်သခင်ဖြစ်လာခဲ့ပြီး ထိုသို့ဖြစ်လာပြီးနောက် မဆိုင်းမတွလောက်မှာပင် သေဆုံးသွားခဲ့ရာ ဤအနေတွင် ပူပူနွေးနွေး လက်အောက်ခံနိုင်ငံများ တစ်မြို့တစ်မ ထကြွပုန်ကန်ကြမည်ဟု ယူဆစရာရှိသည်။ သို့သော်လည်း သူ့အရိုက်အရာဆက်ခံသူများသည် အခြေမပျက် ဆက်လက်ပိုင်ဆိုင်အုပ်ချုပ်ထားနိုင်ခဲ့ပြီး ကြုံသမျှအခက်အခဲမှာ သူတို့အချင်းချင်းအတွင်းမှ ကိုယ့်မောဟနှင့်ကိုယ် ထကြွပုန်ကန်ခြင်းမျှသာ ဖြစ်ခဲ့သည်။

သမိုင်းစဉ်တစ်လျှောက်တွင် မင်းနိုင်ငံများကို နည်းလမ်းနှစ်သွယ်ဖြင့် အုပ်စိုးခဲ့ကြသည်။ တစ်နည်းမှာ မင်းတစ်ပါးနှင့် သူ မေတ္တာထား ခန့်အပ်ထားသည့် ဝန်မင်းများက တိုင်းပြည်အုပ်ချုပ်ခြင်းဖြစ်ပြီး အခြားတစ်နည်းမှာ မင်းတစ်ပါးနှင့် မင်းစိုးရာဇာအနွယ်တော်များက အုပ်ချုပ်သည့်နည်းပင်ဖြစ်သည်။ ထိုကဲ့သို့သော အနွယ်တော် မျိုးရိုးမျိုးစဉ်တို့ အုပ်ချုပ်သောမင်းနိုင်ငံတွင် တိုင်းသူပြည်သားတို့သည် ကိုယ့်နယ်စားပယ်စားတို့ကို အရှင်သခင်အဖြစ် အသိအမှတ်ပြုပြီး သူတို့ပေါ်ပို၍ သစ္စာစောင့်သိမှုရှိသည်။ မင်းတစ်ပါးနှင့် သူ၏ အစေအပါးမှူးမတ်များ အုပ်စိုးသော နိုင်ငံတွင်မူ မင်းကပို၍ ဩဇာအာဏာရှိသည်။ ဤသည်မှာ မင်းထက် မည်သူမျှပို၍ ဘုန်းတန်ခိုးမကြီးဟု

mgyoe.com

mgyoe.com

ယူဆထား၍ဖြစ်သလို တစ်ပါးသူတို့၏ အမိန့်ဩဇာကို နာခံသည်ဆိုပါလျှင်လည်း မင်းကိုယ်စားပြုဝန်မင်း၊ အမတ်များ သဘောထား နာခံခြင်းဖြစ်သည်။ သူတို့ပေါ် မည်သူမှ ထူးထူးထွေထွေ မေတ္တာမထားချေ။

ကျွန်တော်တို့ခေတ်ကာလ တူရကီအစိုးရနှင့် ပြင်သစ်ဘုရင်အစိုးရတို့ကို ထိုအစိုးရနှစ်မျိုး သာဓကပြချက်အဖြစ် ရှုမြင်နိုင်သည်။ တူရကီမင်း နိုင်ငံတစ်ခုလုံးကို မင်းတစ်ပါးသာ အုပ်စိုးထားသည်။ အခြားသူတို့မှာ သူ၏ အစေအပါးများသာ ဖြစ်သည်။ သူသည် သူ့မင်းနိုင်ငံကို ပြည်နယ်လေးများအဖြစ် ပိုင်း၍ ယင်းဒေသသို့ သူသဘောတွေ့သလို နယ်ပိုင်မင်းပို့လိုက်၊ ပြန်ရုတ်လိုက်လုပ်သည်။ ပြင်သစ်ဘုရင်အပါးမှာမူ အစဉ်အလာကြီးမားလှသော ပဒေသရာဇ်မျိုးနွယ်များ ဝိုင်းရံနေပြီး ထို ပဒေသရာဇ်များကိုလည်း သူတို့ဒေသ သူတို့လက်အောက်ခံများက သစ္စာစောင့်သိ ချစ်မြတ်နိုးကြသည်။ ယင်းတို့တွင် ယင်းတို့ အထူးအခွင့်အရေးများရှိပြီး ယင်းတို့ကို ဘုရင်က သူကိုယ်တိုင်ပေါ် ဘေးမခဘဲ မရုတ်သိမ်းနိုင်ချေ။ ထိုနိုင်ငံနှစ်နိုင်ငံကို ယခုဆန်းစစ်သူများသည် တူရကီနိုင်ငံကို သိမ်းပိုက်ရန် ခက်ခဲမည်ဖြစ်ကြောင်း တွေ့ရမည်။ သို့သော် သိမ်းပိုက်ပြီးဆိုလျှင် ထိန်းသိမ်းရန် အလွန်လွယ်ကူပေမည်။ တစ်ဖက်ကို ပြန်ငဲ့ကြည့်ပြန်လျှင်မူ ပြင်သစ်နိုင်ငံကို သိမ်းပိုက်ရန် ပို၍လွယ်ကူပေမည်။ သို့သော် ဆက်လက်ထိန်းသိမ်းထားရန် အလွန်ခက်ခဲပေမည်။

တူရကီနိုင်ငံကို သိမ်းပိုက်ရန် ခက်ခဲမည့်အကြောင်းတရားမှာ ထိုနိုင်ငံ၏ နယ်စားပယ်စားလေးများက ကျူးကျော်သူကို ဖိတ်ခေါ်ခြင်းမပြုနိုင်သလို ဘုရင်အနားမှာရှိသူတို့ ပုန်ကန်ထကြွခြင်းဖြင့် ကျူးကျော်သူကို ရိုင်းပင်းရန်လည်း မဖြစ်နိုင်ခြင်းကြောင့်ဖြစ်သည်ကို အထက်တွင်ဖော်ပြထားသည့် အကြောင်းတရားများပေါ်မူတည်၍ သဘောပေါက်နိုင်သည်။ ဘုရင့်အစေအပါး၊ ဘုရင်ကိုမှီခိုနေရသူများသာ ဖြစ်ကြသောကြောင့် သူတို့ကို ဖောက်ပြန်အောင်ပြုရန် ပို၍ခက်ခဲမည်ဖြစ်သလို ယင်းတို့ ဖောက်ပြန်လျှင်လည်း လူထုကို စည်းရုံးသိမ်းသွင်းနိုင်မည်မဟုတ်သောကြောင့် အရာရောက်ရန် မမျှော်လင့်နိုင်ချေ။ ထို့ကြောင့် တူရကီနိုင်ငံကို တိုက်ခိုက်သူ မည်သူမဆို သည် တူရကီမင်း၏ တစ်ပေါင်းတစ်စုတည်းသော အင်အားနှင့်တွေ့ရန် စိုင်းပြင်းထားရမည့်အပြင် တစ်ဖက်မှ ကသောင်းကနင်းဖြစ်နေမည့် အခြေအနေထက်

mgyoe.com

mgyoe.com


သူ့ ကိုယ်ပိုင်အင်အားကို ပို၍ အားထားရပေမည်။

သို့သော် တူရကီမင်းကို အောင်နိုင်ပြီးနောက် နောက်ထပ် တပ်မတော်များ မထောင်နိုင်တော့အောင် တိုက်ပွဲတွင် ဖွတ်ဖွတ်ကြေအောင် ထောင်းပြီးနောက်တွင် ထိုမင်း၏ မိသားစုမှအပ အခြားမည်သည့်အရာကိုမှ စိုးရိမ်ကြောက်လန့်ရန် မရှိတော့ချေ။ ထိုမင်းမိသားစုကို ချေမှုန်းလိုက်လျှင်မူ လူထုအပေါ် ဩဇာညောင်းသူမရှိတော့သောကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်လန့်စရာမရှိတော့ချေ။ မအောင်နိုင်ခင်ကပင် အောင်နိုင်သူက လူထုကို အရာသွင်းစဉ်းစားရန် မလိုခဲ့သလို အောင်နိုင်ပြီးနောက်လည်း သူတို့ကို ကြောက်လန့်နေရန် အကြောင်းမရှိချေ။

ပြင်သစ်နိုင်ငံမှ မင်းအစိုးရများအုပ်ချုပ်သော နိုင်ငံများအရေးနှင့် ပတ်သက်လျှင်မူ တစ်မျိုးတစ်ဘာသာခြားသည်။ မင်းသိမ်များဖြစ်သော နယ်စားပယ်စားများသည် ဘုရင်မင်းကို အမြဲတစေ မကျေမနပ်ဖြစ်၊ အလိုလောဘတက်နေတတ်ပါသောကြောင့် ယင်းတို့ကို စည်းရုံးသိမ်းသွင်းပြီး နိုင်ငံတွင် ခြေကုပ်ယူရန်မှာ လွယ်ကူလှပေသည်။ အထက်တွင်ဖော်ပြထားခဲ့သည့် အကြောင်းတရားများကြောင့် ဤပဒေသရာဇ်များသည် သင့်ကို လမ်းဖွင့်ပေးပြီး အောင်မြင်အောင် ပံ့ပိုးပေးမည်။ သို့သော် လွယ်ကူစွာ သိမ်းပိုက်ပြီးနောက် ဆက်လက်ထိန်းသိမ်းထားလိုပါလျှင် အတိုင်းအဆမသိ အခက်အခဲများ ကြုံလာပေမည်။ သင့်ကို ကူညီပံ့ပိုးခဲ့သူများရော၊ သင်က နှိပ်ကွပ်ခဲ့သူများထံကရော ပြဿနာများ တက်လာပေမည်။ ထိုမျှသာမကသေး ဘုရင့်မိသားစုကို ကွပ်မျက်လိုက်ရုံမျှဖြင့် မလုံလောက်ချေ။ အသစ်အသစ်သော တော်လှန်ရေးများကို ဦးဆောင်နိုင်သော ပဒေသရာဇ်များ ရှိနေသေးပြီး ယင်းတို့ကိုနှစ်သိမ့်ရန်လည်း မစွမ်း၊ ကွပ်မျက်ချေမှုန်းရန်လည်း မတတ်သာသောအခါ အကြောင်းသင့်သည့် တစ်ခဏအတွင်းမှာပင် နိုင်ငံကို လက်လွှတ်ဆုံးရှုံးသွားနိုင်သည်။

ဒါရီအပ်စ်ဘုရင်၏ အစိုးရသဘာဝကို သင် ဆန်းစစ်ကြည့်ပါလျှင် တူရကီ ဘုရင်၏အစိုးရနှင့် အသွင်တူသည်ကို သင်တွေ့ပါမည်။ ထို့ကြောင့် အဲလက်ဇန္ဒြားသည် ပထမတွင် ဒါရီအပ်စ်ကို လုံးဝဥဿုံ တွန်းလှန်တိုက်ခိုက်ခဲ့ရသည်။ ထို့နောက် သူ့နိုင်ငံထဲသို့ ကျူးကျော် ဝင်ရောက်ခဲ့ရသည်။ ဒါရီအပ်စ်သေဆုံးပြီး၊ သူအောင်နိုင်ပြီးနောက်တွင် နိုင်ငံသည် အထက်တွင်

mgyoe.com

mgyoe.com

သုံးသပ်ခဲ့ပြီးသော အကြောင်းတရားများကြောင့် အဲလက်ဇန္ဒြား၏ လက်တွင် ဆက်လက်သေဝပ်နေခဲ့သည်။ သူ့အရိုက်အရာဆက်ခံသူများလည်း ညီညွတ်ခဲ့ပါလျှင် တိုင်းပြည်အေးချမ်းသည့်အနေကိုပင် ဆက်လက်ကြုံခဲ့မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတွင် သူတို့ကိုယ်တိုင် ဖွလိုက်သည့်အကြောင်းတရားကြောင့်သာ ထကြွမှုဖြစ်လာခဲ့သည်။

သို့သော် ပြင်သစ်နိုင်ငံကဲ့သို့ ဖွဲ့စည်းထားသောနိုင်ငံများကို အလွယ်တကူ ပိုင်ဆိုင်ထားရန် မဖြစ်နိုင်ချေ။ ထိုနိုင်ငံမျိုး တစ်နိုင်ငံပင်ဖြစ်သော ရောမနိုင်ငံတွင် မင်းသိမ်မင်းများ၊ နယ်ပယ်များ ပွစာကျဲများပြားလှခဲ့သောကြောင့် ရောမများသည် စပိန်က ထကြွ၊ ပြင်သစ်က ပုန်ကန်၊ ဂရိက ဆန့်ကျင်သည့် အဖြစ်များ မကြာမကြာ ကြုံခဲ့ရသည်။ ရောမတို့သည် သူတို့ သိမ်းပိုက်ရရှိထားသည့် နယ်မြေများနှင့်ပတ်သက်၍ မည်သည့်အခါကမှ ရေရေရာရာ မရှိခဲ့ကြောင်း သမိုင်းစဉ်တစ်လျောက် ပြန်ငဲ့ကြည့်လျှင် တွေ့နိုင်သည်။ ဤနယ်မြေဒေသများ တစ်သီးပုဂ္ဂလိကမင်းနိုင်ငံငယ်များအဖြစ် တည်ရှိခဲ့ပါသည်ဟူသော သမိုင်းကိုချေဖျက်ပြီးသောအခါတွင် သူတို့အင်အား သူတို့အင်ပိုင်ယာသက်တမ်းဖြင့် တုဖက်ကင်းသော သခင်များဖြစ်လာခဲ့ကြသည်။ ရောမတို့အချင်းချင်း သင်းကွဲသွားကြသောအခါတွင် သူတို့တွင်းမှ မည်သူမဆို သည်သူ သြဇာသြောင်းရာဒေသ၏ ပံ့ပိုးထောက်ခံမှုကို အားကိုးအားထားပြုနိုင်ခဲ့သည်။ မင်းဟောင်းတို့၏ မျိုးစဉ်မျိုးဆက်ကိုချေဖျက်ပြီးနောက်တွင် ရောမတို့ကိုသာလျှင် 'မင်း' အဖြစ် လက်ခံအသိအမှတ်ပြုလာခဲ့ကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤအချက်များကို ထည့်တွက်ပါလျှင် အာရှဒေသတွင် အဲလက်ဇန္ဒြား ဆက်လက်သြဇာသြောင်းနေနိုင်ခဲ့သည့် အကြောင်းတရားနှင့် အခြားမင်းများပိုင် ရပ်ဇာနှင့် အခြားဒေသ အများအပြားကို သိမ်းပိုက်ချုပ်ကိုင်ထားနိုင်ခြင်းမရှိခဲ့သော အကြောင်းတရားတို့က မဆန်းဟု ဆိုရပါမည်။ နယ်မြေဒေသ နိုင်ငံတစ်ခုကို ထိန်းသိမ်းထားနိုင်ခြင်း၊ မထိန်းသိမ်းထားနိုင်ခြင်းသည် သိမ်းပိုက်အုပ်ချုပ်သူ၏ စွမ်းရည်ပေါ်တွင် အနည်းနှင့်အများ တည်မှီနေသည်မဟုတ်၊ တိုင်းပြည်၏အနေအထား မတူညီမှုပေါ်တွင် တည်မှီနေသည်။

■

mgyoe.com

mgyoe.com

# လက်အောက်ခံမဖြစ်ဖူးသောကြောင့် ကိုယ်ပိုင်ဥပဒေဖြင့် နေထိုင်ခဲ့သော မြို့ပြနိုင်ငံများ သို့မဟုတ် နယ်ပယ်များကို အုပ်ချုပ်နည်း

ကိုယ်ပိုင်ဥပဒေဖြင့် လွတ်လပ်စွာနေထိုင်မှုကို အသားကျနေသော နိုင်ငံများကို သိမ်းပိုက်ရယူပြီးနောက် ထိန်းသိမ်းထားရန် နည်းလမ်းသုံးမျိုးရှိသည်။ ပထမတစ်နည်းမှာ ယင်းတို့ကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ဒုတိယတစ်နည်းမှာ သူတို့ထံသွားရောက်နန်းစိုက်ရန်ဖြစ်သည်။ တတိယတစ်နည်းမှာ သူတို့ဥပဒေဖြင့် သူတို့ ဆက်လက် ရှင်သန်ရပ်တည်ခွင့်ပေးရန် ဖြစ်သည်။ ယင်းတို့ထံမှ အခွန်အကောက်ရယူပြီး သင့်အလိုတော်ရိတစ်စုဖြင့် ဖွဲ့စည်းထားသော အစိုးရတစ်ခုကို တည်ပေးထားရေးပင်ဖြစ်သည်။ နိုင်ငံသိမ်းမင်းက တည်ပေးထားသော ဤအစိုးရသည် မင်း၏မေတ္တာ၊ မင်း၏ အကာအကွယ်ကင်းလျှင် မရပ်တည်နိုင်ကြောင်း သဘောပေါက်သည်။ ထို့ကြောင့် ထိုအချက်များမကင်းကွာစေရန် တတ်နိုင်သမျှကြိုးစားမည်။ ထို့အပြင် မြို့ပြနိုင်ငံတစ်နိုင်ငံကို သင် ဆက်လက်ထိန်းသိမ်းထားရန် ဆန္ဒရှိပါက လွတ်လပ်မှုနှင့် အသားကျနေသော မြို့ပြနိုင်ငံကို ယင်းနိုင်ငံသားများမှတစ်ဆင့် ကိုင်တွယ်ရန် ပို၍လွယ်ကူသည်။

စပါတာနိုင်ငံနှင့် ရောမနိုင်ငံသားတို့ဖြစ်ရပ်တွင် ဤသာဓကကို တွေ့ရသည်။ စပါတာသားတို့သည် လူတစ်စုအစိုးရကို အေသင်နှင့် သီဘိစ်မြို့ပြနိုင်ငံများတွင် ဖန်တီး၍ အေသင်နှင့် သီဘိစ်မြို့ပြနိုင်ငံတို့ကို ချုပ်ကိုင်ထားခဲ့သည်။ သို့တိုင်အောင်လည်း လက်လွတ်ဆုံးရှုံးလိုက်သည်။ ရောမတို့သည်

mgyoe.com

mgyoe.com


ကာပူအာ၊ ကာသေနှင့် နူမန်တီအာ မြို့ပြနိုင်ငံတို့ကို ချုပ်ကိုင်ထားနိုင်အောင် ချေမှုန်းပစ်လိုက်သည်။ ထိုမြို့ပြ နိုင်ငံတို့ကို လက်လွတ်ဆုံးရှုံးလိုက်ရခြင်း မရှိခဲ့ချေ။ သူတို့သည် ခေါမနိုင်ငံကို စပါတာတို့ ချုပ်ကိုင်ခဲ့သည့် ပုံမျိုးနီးနီး ဖြင့် ချုပ်ကိုင်လိုခဲ့သည်။ ခေါမနိုင်ငံအား ကိုယ့်ဥပဒေနှင့်ကိုယ် လွတ်လပ်စွာ ရပ်တည်ခွင့် ပေးထားခဲ့သည်။ သို့သော် သူတို့ မအောင်မြင်ခဲ့ချေ။ ထို့ကြောင့် ထိုနယ်ပယ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် မြို့ပေါင်း၊ ရွာပေါင်းများစွာကို မဖြစ်မနေဖျက်ဆီးခဲ့ရသည်။ အမှန်အတိုင်းပြောရလျှင် ယင်းတို့ကို မဖျက်ဆီးဘဲ ချုပ်ကိုင်ထားနိုင်သည့် နည်းလမ်းမရှိချေ။ လွတ်လပ်သော မြို့ပြနိုင်ငံတစ်ခု၏ မင်းဖြစ်လာပြီး ထိုမြို့ပြနိုင်ငံကို မဖျက်ဆီးသူသည် ထိုမြို့ပြနိုင်ငံ၏ ဖျက်ဆီးခြင်းကို ခံရကိန်းဆိုက်နိုင်သည်။ အဘယ်ကြောင့် ဆိုသော် အချိန်ကာလ ကြာမြင့်သွားခြင်းကြောင့် လည်းကောင်း၊ ခံစားရသည့် အကျိုးကျေးဇူးကြောင့်လည်းကောင်း မေ့လျော့သွားမည်မဟုတ်သော ယင်း၏ ရှေးထုံးဓလေ့ထုံးစံနှင့် လွတ်လပ်ရေးအကြောင်းတရားတို့ကို အသုံးချ၍ တော်လှန်ပုန်ကန်နိုင်သည်။ မည်သို့ပြုသည်ဖြစ်စေ၊ မည်သို့ စောင်မသည်ပင် ဖြစ်စေ နယ်ခံသားတို့ကို သင်းခွဲ ပြန့်ကျဲစေခြင်းမရှိပါက ထိုအမည်နှင့် ထိုထုံးတို့ကို သူတို့မေ့လျော့ခြင်းမရှိသလို ဖလိုရင့်သားများက နှစ်ပေါင်းများစွာ နှိပ်ကွပ်ထားခဲ့သော ပီဆာမြို့ပြ နိုင်ငံကဲ့သို့ပင် အရေးပေါ်သည်နှင့် အကြိုက်တွေ့ အကြောင်းပြချက်အဖြစ် အသုံးချချင်ကြသည်။

သို့သော်လည်း မြို့ပြနိုင်ငံများ သို့မဟုတ် ပိုင်နက်များသည် မင်းတစ်ပါးအောက်တွင် နေသားကျခဲ့ပြီး ထိုမင်း၏မိသားစုကို ချေမှုန်းပစ်လိုက်ပြီးလျှင် တစ်ဘက်တွင် အမိန့်များကို ရိုကျိုးလိုက်နာကျင့်ရှိခြင်းနှင့် အခြားတစ်ဖက်တွင် ယင်းတို့၏ မင်းကောင်းမရှိတော့ခြင်းကြောင့် သူတို့သည် သူတို့ထဲမှပင် တစ်ဦးတစ်ယောက်ကို ခေါင်းဆောင်အဖြစ် ရွေးချယ်ရန် မညီညွတ်နိုင်သလို လွတ်လပ်စွာလည်း နေထိုင်တတ်သောကြောင့် လက်နက်ကိုင်ဖွဲ့ရန် ပို၍နှောင့်နှေးကြသည်။ ဤအနေအထားတွင် မင်းအသစ်သည် သူတို့ကို ပို၍ကောင်းသော စည်းစိမ်ဥစ္စာတို့ဖြင့် သိမ်းသွင်းပြီး သူ့အနေအထား ခိုင်မာအောင်တည်နိုင်သည်။ သို့သော် ပဒေသရာဇ်နိုင်ငံများတွင် ဘဝက ပိုထန်သည်။ အမုန်းတရားက ပိုကြီးသည်။ ကလဲ့စားချေလိုသည့် ဆန္ဒက ပို၍ပြင်းထန်သည်။ ယင်းတို့၏ လွတ်လပ်သောသမိုင်းကို မမေ့

mgyoe.com

mgyoe.com


လျော့နိုင်ကြချေ။ ထို့ကြောင့် သူတို့ကို ကိုင်တွယ်ရန် အသေချာဆုံးနည်းလမ်းကား သူတို့ကို ချေမှုန်းပစ်ရန် သို့မဟုတ် သူတို့ထံ သွားရောက်စိုးစံရန်ပင်ဖြစ်သည်။

■

mgyoe.com

mgyoe.com

# ကိုယ်စွမ်းကိုယ်စ ကိုယ့်လက်နက်ဖြင့် ရရှိသိမ်းပိုက်ထားသော နယ်ပယ်သစ်များအကြောင်း

နယ်ပယ်သစ်များအကြောင်း ပြောဆိုရာတွင် အလွန်တရာထင်ရှားသော မင်းနှင့် နိုင်ငံများအကြောင်းကို ကျွန်တော်တင်ပြပါလျှင် မည်သူမျှ မအံ့သြပါနှင့်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် တစ်ပါးသူတို့ လှမ်းခဲ့ပြီးသောလမ်းကို အမြဲတစေ နီးနီးလျှောက်လေ့ရှိကြသည်။ ရှေးလူအပြုကို လိုက်လံတုပမှု ပြုတတ်ကြသည်။ အခြားသူတို့နောက်က အမြဲတစေ ထပ်တူ မလိုက်နိုင်စွမ်းသူ၊ သူ တုပသူတို့၏ ထွန်းပြောင်မှုမျိုး ဆတူမရနိုင်သော သတိရှိသူသည် ကြီးကျယ်သူတို့လျှောက်သော လမ်းကိုသာ အမြဲတစေ လိုက်သင့်သည်။ အထွန်းပြောင်ဆုံးပုဂ္ဂိုလ်တို့ကို တုပသင့်သည်။ သို့မှသာလျှင် သူတို့လောက် မဖြစ်ထွန်းလျှင်လည်း အရိပ်အယောင်အနည်းပါး တော့ သင့်မည်မှာ ဧကန်ဖြစ်သည်။ သူသည် ဝေးကွာလှသော ပစ်မှတ်တစ်ခုကို ထိလိုသောအခါတွင် သူတို့လေး၏ ဝန်သယ်တာကို သိသောကြောင့် ပို၍မြင့်သော နေရာကိုထိမှန်ရန် မရည်ရွယ်သော်လည်း ပို၍မြင့်သောနေရာကို ချိန်ရွယ်၍ ပစ်ခတ်လိုက်သော ပါးနပ်သော လေးသည်ကဲ့သို့ ရင်လောက်ကျအောင် ဒူးလောက်တင်ရမည်။

ထို့ကြောင့် မင်းအသစ်ရှိသော နယ်ပယ်အသစ်တွင် ထိုနယ်ပယ်ကို ရယူနိုင်ခဲ့သည့် မင်း၏ စွမ်းရည်အပေါ် အနည်းနှင့်အများမူတည်လျက် ယင်းကို ချုပ်ကိုင်ထားရန် အနည်းနှင့်အများ လွယ်ကူသည်။ အလွန်တရာစွမ်းရည်ရှိ၊ အလွန်တရာကုသိုလ် ကံကောင်းပါမှ သာမန်လူတစ်ယောက် မင်း

mgyoe.com

mgyoe.com


ဖြစ်လာနိုင်သည့် အနေအထားကြောင့် ဤအချက်တစ်ခုခုသည် အခက်အခဲများစွာ ဖြစ်စေနိုင်ပုံရှိသည်။ မည်သို့ပင်ဆိုစေ ကုသိုလ်ကံမကောင်းခဲ့သူတို့သည် သူတို့ကိုသူတို့ ပို၍ကောင်းမွန်စွာ စောင့်ထိန်းကြရိုးရှိသည်။ အခြားသူတစ်ဦးတစ်ယောက်မှမရှိလျှင် ကိုယ့်နယ်မြေတွင် ကိုယ်တိုင် နန်းစိုက်ရန်အနေအထားကလည်း အားတစ်ရပ်ဖြစ်သည်။ သို့သော် ကုသိုလ်ကံကြောင့်မဟုတ် မိမိကိုယ်ပိုင်စွမ်းရည်ကြောင့် မင်းဖြစ်လာသူတို့နှင့်ပတ်သက်၍ ဆိုရပါလျှင် မိုးစက်၊ ဆိုင်းရပ်စ်၊ ရိုမူလပ်စ်၊ သီဆီအပ်စ်နှင့် အလားတူလူတို့ကို အတော်ဆုံးဟု ကျွန်တော်ယူဆသည်။ မိုးစက်သည် ဘုရားသခင်၏ အမိန့်တော်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သူမျှသာ ဖြစ်သောကြောင့် သူ့အကြောင်းမပြောသင့်ပါသော်လည်း ဘုရားသခင်နှင့် စကားပြောလောက်အောင် ထိုက်တန်သူအဖြစ် မင်္ဂလာပြည့်ဝခြင်း တစ်ခုကြောင့်ပင်လျှင် သူ့ကိုလေးစားကြည်ညိုထိုက်သည်။ သို့သော် မင်းနိုင်ငံများ သိမ်းပိုက် သို့မဟုတ် တည်ခဲ့ကြသော ဆိုင်းရပ်စ်နှင့် အခြားသူများနှင့် ပတ်သက်၍မူ သူတို့ လေးစားကြည်ညိုထိုက်ကြောင်း တွေ့ပါမည်။ သူတို့၏ လုပ်ရပ်များ၊ သူတို့၏နည်းစနစ်များသည် အလွန်ပင်ကြီးမြတ်သော 'ဆရာ' ရှိခဲ့သော မိုးစက်၏လုပ်ရပ်၊ နည်းစနစ်တို့နှင့် ခြားနားလှဟန် မရှိသည်ကို တွေ့ရမည်။ သူတို့၏ဘဝနှင့် လုပ်ရပ်များကို ဆန်းစစ်ပြန်လျှင်လည်း ကုသိုလ်ကံအကျိုးရလဒ်ကြောင့်မဟုတ်၊ အရေးကိစ္စများကို သူတို့သင့်လျော်သည်ဟုထင်သည့်အသွင်ပုံဖော်ရန် အခွင့်အလမ်းရခြင်းကြောင့်သာ ဖြစ်ထွန်းလာခဲ့ကြသည်ကို တွေ့ရမည်။ ထိုအခွင့်အလမ်းများ မရခဲ့ပါလျှင် သူတို့ စွမ်းပကားများကို ဖြုန်းတီးရာသာ ရောက်ခဲ့မည်ဖြစ်ပြီး ယင်းတို့၏ စွမ်းပကားများ ကင်းမဲ့နေခဲ့လျှင်လည်း အခွင့်အလမ်းများက အချည်းနှီး ဖြစ်ပေမည်။

ထို့ကြောင့် အီဂျစ်နိုင်ငံတွင် အီဂျစ်သားများလက်အောက်တွင် ကျေးကျွန်များအဖြစ် အနှိပ်အကွပ်ခံနေရပြီး အနှိပ်အကွပ်ခံဘဝမှ လွတ်မြောက်ရန် သူ့နောက်ကို လိုက်မည့် အစ္စရေးလ်သားများကို မိုးစက်တွေ့ရှိရန် မဖြစ်မနေလိုအပ်ခဲ့သည်။ ရိုမူလပ်စ်သည် ရောမမြို့ပြနိုင်ငံ၏ ဘုရင်၊ ရောမနိုင်ငံတည်ထောင်သူ ဖြစ်နိုင်ရန်အတွက် အယ်ဘာဒေသတွင် ဆက်လက်မနေနိုင်သောမွေးကင်းစအရွယ်တွင် နံငယ်ပိုင်းမျှဖြင့် ဗလာကိုယ်ထီး အစွန့်ပစ်ခံကလေးဖြစ်ရန် မဖြစ်မနေ လိုအပ်ခဲ့သည်။ ပါရှားသားများ မီဒီအင်ပိုင်ယာကို မကျေ

mgyoe.com

mgyoe.com


မနုပ်ဖြစ်နေသလို မီဒီသားများလည်း ကြာမြင့်စွာ စစ်ရေးကင်းပ ငြိမ်းချမ်းနေခဲ့မှုကြောင့် စည်းစိမ်ယစ်၊ ချည့်နဲ့နေသည့်အသွင်မျိုး ရောက်နေသည်ကို ဆိုင်းရပ်စ် ကြုံတွေ့ခဲ့ရသည်လည်း မဖြစ်မနေ လိုအပ်ခဲ့သည်။ သီဆီအပ်စ်သည် အေသင်နိုင်ငံသားများ ပြန့်ကျဲနေသည်ကို မတွေ့မမြင် မကြုံခဲ့ပါလျှင် သူ၏ စွမ်းရည်များကို ထုတ်ဖော်ပြသနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ဤအခွင့်အလမ်းများသည် ဤသူတို့ကို အခွင့်အရေးရစေခဲ့ပြီး သူတို့၏ ကြီးမားသောစွမ်းရည်တို့သည် သူတို့ကို အမြတ်ထုတ်သာစေခဲ့သည်။ သူတို့နိုင်ငံကို ဂုဏ်တက်အောင်၊ ကြွယ်ဝအောင် စွမ်းဆောင်စေနိုင်ခဲ့သည်။

ဤသို့သော စွမ်းရည်များကို ထုတ်သုံးသူတို့သည် မင်းများဖြစ်လာပြီး သူတို့နယ်ပယ်များကို ခက်ခက်ခဲခဲရရှိသော်လည်း အလွယ်တကူ ထိန်းသိမ်းထားနိုင်ကြသည်။ ယင်းတို့ နယ်ပယ်များရယူရာတွင် ကြုံတွေ့ရသော အခက်အခဲများမှာ သူတို့အနေအထား အခိုင်အမာတည်ရန်အတွက် လိုအပ်သော စည်းစနစ်အသစ်များ ထုတ်ပြန်မှုနှင့် တစ်စိတ်တစ်ပိုင်း ပတ်သက်သည်။ စနစ်အသစ်ကို ဖွဲ့ဆော်ဦး ပြဋ္ဌာန်းအလုပ်ထက်ပို၍ ခက်ခဲသော၊ အောင်မြင်ရန် ပို၍ အလားအလာနည်းတတ်သော၊ ကိုယ်တွယ်ရန် ပို၍ ခက်ခဲသော အရာ မရှိချေ။ အဘယ်ကြောင့်ဆိုသော် စနစ်ဟောင်းတွင် ဖြစ်ထွန်းခဲ့သူတို့ အားလုံးသည် ပြုပြင်ပြောင်းလွဲရေးသမားကို ရန်သူအဖြစ် မြင်သည်။ စနစ်သစ်ကြောင့် အကျိုးများမည့်သူတို့သည် စနစ်သစ်ကို အေးတိအေးစက် ကာကွယ်မှုသာပြုသည်။ ဤသို့ အေးတိအေးစက်သာ ချေပကာကွယ်ခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် မူလလက်ဟောင်း ဥပဒေစည်းမျဉ်းအရ သူတို့ရန်သူများကို ကြောက်လန့်စိတ်နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် လက်တွေ့မခံစားရသေးသမျှ ကာလပတ်လုံး မည်သည့်အသစ်အဆန်းကိုမျှ အပြည့်အဝ ယုံကြည်တတ်ခြင်းမရှိသော လူ့သဘာဝကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ပြုပြင်ရေးသမားကို တိုက်ခိုက်ရန် အခွင့်အလမ်းပေါ်လာသည့်အခါတိုင်း သူ့ရန်သူများသည် မျိုးချစ်များ၏ ထက်သန်မှုမျိုးဖြင့် တိုက်ခိုက်လေ့ရှိကြပြီး သူ့ကို ကာကွယ်သူတို့သည် စိတ်မပါ လက်မပါသာ ကာကွယ်မှုပြုတတ်ကြသည်။ ထို့ကြောင့် သူတို့နှစ်မျိုးကြားတွင် သူသည် အန္တရာယ်ဆိုးဆိုးဝါးဝါး ကြုံနိုင်သည်။ သို့သော် ဤအချက်ကို နိုက်နိုက်ချွတ်ချွတ် စူးစမ်းရန် လိုအပ်သည်။ ဤပြဿနာရှာသူများ ကိုယ့်သဘောနှင့်ကိုယ်

mgyoe.com

mgyoe.com


လုပ်နေကြသည်လား၊ တစ်ပါးသူတို့ကို အားကိုးအားထားပြုသည်လား တစ်နည်းပြောရလျှင် သူတို့အကြံအထမြောက်စေရန် တစ်ပါးသူတို့ကို သိမ်းသွင်းရသည်လား၊ ကိုယ့်ဘာသာကိုယ် စွမ်းရသည်လားကို ဆန်းစစ်ရန်လိုအပ်သည်။ တစ်ပါးသူကို သိမ်းသွင်းရလျှင် သူတို့မအောင်မြင်နိုင်၊ လုပ်သမျှ အချည်းနှီးသာ ဖြစ်ပေမည်။ သို့သော် ကိုယ်စွမ်းကိုယ်စ၊ ကိုယ့်အင်အားသုံးနိုင်ပါလျှင် မအောင်မြင်ရိုးမရှိလှချေ။ ထိုအကြောင်းတရားကြောင့်ပင် လက်နက်ကိုင် ပြုပြင်ရေးသမားမှန်သမျှ အောင်နိုင်ခဲ့ကြပြီး လက်နက်မဲ့ ပြုပြင်ရေးသမားမှန်သမျှ ရှုံးနိမ့်ခဲ့ကြသည်။ ထို့အပြင် လူတို့၏ အကျင့်စရိုက် ထွေပြားပေသည်။ ယင်းတို့ကို တိုက်တွန်းရလွယ်ကူသော်လည်း ထို ဆော်သြချက်ကို တစိုက်မတ်မတ် လက်ခံနေအောင် ပြုရသည်က ခက်သည်။ ထို့ကြောင့် သူတို့ မယုံကြည်တော့သောအခါ အတင်းယုံကြည်နေစေရန် စနစ်များ ချရန်လိုအပ်သည်။ မိုးစက်၊ ဆိုင်းရပ်စ်၊ သီဆီအပ်စ်နှင့် ရိုမူလပ်စ်တို့သည် ကျွန်တော်တို့ ခေတ်ကာလတွင် ဖာရာဂျိရိုလာမိုဆာ ဗိုနာရိုလာ ကြုံခဲ့ရသည်ကဲ့သို့ လက်နက်မဲ့နေခဲ့လျှင် သူတို့ စည်းမျဉ်းဥပဒေများကို ကြာကြာလိုက်နာအောင် စည်းကြပ်နိုင်ခဲ့မည်မဟုတ်ချေ။

ဖာရာဂျိရိုလာမိုဆာဗိုနာရိုလာအား လူထုက အရိုအသေတန်စ ပြုလာသောအခါတွင် သူ၏ စနစ်စည်းမျဉ်းအသစ်တို့ လုံးဝပျက်ပြားကုန်သည်။ သူသည် ယုံကြည်ဆဲသူတို့ စွဲမြဲစေမည့်နည်းလမ်း တစ်ခုတစ်လေမျှ မရှိခဲ့သလို မယုံကြည်သူတို့ကိုလည်း ယုံကြည်လာအောင် ဖိအားမပေးနိုင်ချေ။ ထို့ကြောင့် ထိုသို့သော လူစားတို့သည် လမ်းခရီးတွင် ကြီးမားသောအခက်အခဲကြုံကြပြီး လမ်းတွင်ကြုံသမျှ အန္တရာယ်ကို သူတို့ကိုယ်ပိုင်အစွမ်းအစဖြင့် ကျော်လွှားရသည်။ သို့သော် ထိုအနေအထားများကို ကျော်လွှား၍ အလေးအမြတ်ထားခံလာရသောအခါတွင် သူတို့ကို မနာလိုသူတို့ကို နှိပ်ကွပ်ပြီးနောက်တွင် အင်အားကြီးမားပြီး လုံခြုံမှုရှိလာသည်။ ဂုဏ်သိက္ခာတက်ပြီး ပျော်ရွှင်ချမ်းမြေ့ရလေ့ရှိသည်။

ထိုအဆင့်မြင့် သာဓကများကို သာဓကလေးတစ်ခု ထပ်တိုးဖြည့်လိုပါသည်။ သို့တိုင်အောင် ထိုသာဓကလေးသည် တစ်ခုသောအတိုင်းအတာအထိ အခြားသော သာဓကများနှင့် ယှဉ်သာပါသည်။ ထိုသာဓကမှာ သာမန်အရပ်သားဘဝမှနေ၍ ကုသိုလ်ကံတရားက အခွင့်အလမ်းလှစ်ဟပေးသည့်

mgyoe.com

mgyoe.com


မှအပ အခြားပံ့ပိုးမှုမပြုခဲ့သောကြောင့် ကိုယ်စွမ်းကိုယ်စသက်သက်ဖြင့် ဆိုင်ရာကပ်စ်ကျွန်း၏ အရှင်သခင်ဖြစ်လာသော ဟီရိုးပင်ဖြစ်သည်။ ဖိနှိပ်ခံထားသော ဆိုင်ရာကပ်စ်သားများသည် သူ့ကို သူတို့၏အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ပြီး သူသည် ထိုအဆင့်မှနေ၍ သူ့စွမ်းရည်ဖြင့် မင်းအဖြစ်သို့ ရောက်လာခဲ့သည်။ သာမန် အရပ်သားဘဝမှာပင် သူ၏ ကိုယ်ကျင့်တရား ကောင်းလှပါသောကြောင့် နိုင်ငံမရှိသည်မှအပ မင်းဖြစ်ထိုက်သူဟု အမွှန်းတင် ရေးသားခဲ့ကြသည်။ သူသည် သူ၏ ပြည်သူ့စစ်တပ်ဟောင်းကို ဖျက်သိမ်း၍ အသစ်တည်လိုက်သည်။ မိတ်ဟောင်းတို့ကို စွန့်ပစ်၍ မိတ်သစ်များ ဖွဲ့ခဲ့သည်။ သို့ဖြင့် သူကိုယ်တိုင်ရွေးချယ်ထားသော မိတ်ဆွေများနှင့် စစ်သည်များ ရှိလာသောအခါတွင် သူသည် ဤပန္နက်ပေါ်တွင် စိတ်ချစွာ တည်နိုင်ခဲ့သည်။ သို့ဖြင့် သူသည် မင်းအဖြစ်ကို ရရှိအောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသော်လည်း မင်းအဖြစ်ကို ဆက်လက်ထိန်းသိမ်းရာတွင် အခက်အခဲ မရှိခဲ့လှချေ။

■

mgyoe.com

mgyoe.com

# တစ်ပါးသူတို့၏အင်အား သို့မဟုတ် ကုသိုလ်ကံကြောင့် ရရှိသော နယ်ပယ်အသစ်များနှင့်ပတ်သက်၍

ကုသိုလ်ကံကြောင့်သက်သက် သာမန်အရပ်သားဘဝမှနေ၍ မင်းအဖြစ်သို့ ရောက်လေ့ရှိသူတို့သည် မင်းဖြစ်ရေးတွင် ပြဿနာမကြုံလှတတ်ပါသော်လည်း မင်းစည်းစိမ်ကို ဆက်လက်ထိန်းသိမ်းရေးတွင် အခက်အခဲအတော်ကြုံလေ့ရှိသည်။ အတက်ခရီးတစ်လျှောက် ပြဿနာများကို အလွယ်တကူ ကျော်လွှားနိုင်ပါသော်လည်း မင်းအဖြစ်သို့ အခြေတကျ ရောက်ရှိသောအခါတွင် ပြဿနာပေါင်းစုံ အုံကြွလာသည်။ ငွေကြေးကြောင့်ဖြစ်စေ၊ ခွင့်ပြုနိုင်သူ၏ စေတနာမေတ္တာကြောင့်ဖြစ်စေ နိုင်ငံတည်ခွင့် ရသူတို့သည် ဤအဖြစ်မျိုး ကြုံစမြဲဖြစ်သည်။ ဒါရီအပ်စ်က သူ့လုံခြုံရေးအတွက်၊ သူ့ဂုဏ်အတွက် တည်ခွင့်ပေးခဲ့သော အိုင်အိုနီယာနှင့် ဟယ်လီပို့စ်ဒေသမှ မြို့ပြနိုင်ငံများတွင် တွေ့ရသည်။ တပ်မတော်ကိုလာဘ်ထိုး၍ သာမန်အရပ်သားဘဝမှ ဧကရာဇ် ဖြစ်လာသူတို့ အနေအထားမှာလည်း ဤသို့ဖြစ်သည်။ သူတို့သည် သူတို့အဆင့်ကို ထိန်းသိမ်းတတ်သည့် အနေအထားမှာမရှိသလို ထိန်းသိမ်းတတ်သည့် စွမ်းရည်လည်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် အင်မတန်ပါရမီဉာဏ်ရင့်ကျက်သူမှအပ သာမန် အရပ်သားအဖြစ် အမြဲတစေနေထိုင်ခဲ့သူသည် အမိန့်မပေးတတ်ချေ။ သူတို့သည် သူတို့ကို သစ္စာစောင့်သိလိုလားသော အင်အားများ မပိုင်ဆိုင်သောကြောင့် သူတို့အနေအထားကို ထိန်းသိမ်းနိုင်စွမ်းမရှိချေ။ ထို့အပြင် အလျင်စလို အစပြုပျိုးထောင်သည့် အရာတိုင်းကဲ့သို့ပင် လျှပ်တစ်ပြက်တည်လိုက်သော နိုင်ငံများသည် အမြစ်မနက်နိုင်

mgyoe.com

mgyoe.com


သလို လက်ကျဲနေတတ်သောကြောင့် ဗွေဆော်ဦးတိုက်ခတ်လိုက်သည့် မုန်တိုင်းမှာပင် ပျက်စီးရလေ့ရှိသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း မင်းဖြစ်လာသူသည် ကုသိုလ်ကံက သူ့ရင်ခွင်ထဲ ပစ်ထည့်လိုက်သည့်အဆင့်ကို ထိန်းသိမ်းရန် မွေးရာပါ ပါရမီဉာဏ် ရင့်သန်သူဖြစ်ပြီး အခြားသူတို့ မင်းမဖြစ်ခင်တည်သော အုတ်မြစ်ကို မင်းဖြစ်ပြီးနောက် မဖြစ်မနေချနိုင်သူဖြစ်ရန် လိုအပ်သည်။

မင်းဖြစ်စေသည့် နည်းလမ်းနှစ်သွယ်ဖြစ်သော စွမ်းရည်ကြောင့်သို့မဟုတ် ကုသိုလ်ကံကြောင့် မင်းဖြစ်ခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့နှင့် ခေတ်ပြိုင်နီးပါး ပုဂ္ဂိုလ်နှစ်ဦးဖြစ်သူ ဖရန်စစ်ကိုဆဖိုဇာနှင့် ဆီဆာဘောဂီရာတို့ကို သာဓကအဖြစ် ပြသလိုသည်။ ဖရန်စစ်ကိုသည် အံဝင်ခွင်ကျနည်းလမ်းများနှင့် အင်မတန်ကြီးမားသော စွမ်းရည်တို့ကြောင့် သာမန်အရပ်သားမှနေ၍ မီလန်နယ်စားဖြစ်လာခဲ့သည်။ အခက်အခဲ ထောင်သောင်းကို ကျော်လွှားပြီး သူရရှိခဲ့သော ထိုအဆင့်ကို အခက်အခဲ နည်းပါးစွာဖြင့် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ တစ်ဖက်တွင်မူ ဗယ်လင်တိုင်း နယ်စားဟု အများက ခေါ်ခဲ့ကြသော ဆီဆာဘောဂီရာသည် သူ့ဖခင်၏သြဇာဖြင့် မင်းဖြစ်ခဲ့ပြီး ထိုသြဇာမှေးမှိန်သွားသောအခါ မင်းအဖြစ်မှ ပြုတ်ခဲ့ရသည်။ အခြား သူတို့လက်ရုံးအား နှလုံးအားဖြင့် ပံ့ပိုးသမျှကို သတိကြီးသူ၊ စွမ်းရည်ရှိသူ အစွမ်းကုန်အသုံးချ အခိုင်အမာတည်ဆောက်မှုပြုသည်ကဲ့သို့ပင် တည်ဆောက်မှုပြုခဲ့ပါသော်လည်း မတတ်နိုင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ရှေ့တွင်ဆိုထားခဲ့သည်ကဲ့သို့ ကနဦးကတည်းကပင် ပန္နက်ကြိုတင်မချထားသူသည် ဗိသုကာကို ဒုက္ခပေး၊ အဆောက်အအုံကို အန္တရာယ်ပြုသည့်တိုင်အောင် အစွမ်းကုန်ကြိုးစားအားထုတ်၍ မဖြစ်မနေအုတ်မြစ်ချရန် လိုအပ်မည်။ သို့ဖြင့် နယ်စား၏လုပ်ရပ်လုပ်ထုံးကို ဆန်းစစ်ပါက သူ၏ အနာဂတ်အာဏာတည်မြဲရေးအတွက် အုတ်မြစ် မည်မျှခိုင်မာသည်ကို တွေ့ပါမည်။ ထိုအချက်ကို စူးစမ်းခြင်းသည် အချည်းနှီးဟု ကျွန်တော်မယူဆပါ။ အဘယ်ကြောင့်ဆိုသော် မင်းသစ်တစ်ပါးအနေဖြင့် လိုက်နာရန်သင့်တော်သူ လုပ်ရပ်ထက်ကောင်းသောလုပ်ရပ် ကျွန်တော်မမြင်ပါ။ သူ့လုပ်ရပ်များ မအောင်မြင်ခဲ့ပါလျှင် သူကိုယ်တိုင် အပြစ်ကြောင့်မဟုတ်ချေ။ ကုသိုလ်ကံ အတော်ကြီး မလှသည့်အတွက်ကြောင့် ပျက်ရခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


ပုတ်ရဟန်းမင်းကြီး ဆင္ဘမမြောက် အဲလက်ဇန္ဒြားသည် သူ့သား နယ်စားကို မြှောက်စားချင်ခဲ့သောကြောင့် ပစ္စုပ္ပန်တွင်ရော အနာဂတ်တွင်ပါ ကြီးစွာအခက်အခဲကြုံခဲ့ရသည်။ ပထမတစ်ချက်အနေဖြင့်ပြောရလျှင် သူသည် သာသနာကမပိုင်ဆိုင်သော မည်သည့်နယ်မြေမှာမှ သူ့ကို တင်မြှောက်ရန် နည်းလမ်းမတွေ့ခဲ့ချေ။ ဖရန်ဇာနှင့် ရိမိနိဒေသတို့သည် ဗဲနစ်တို့၏ ကာကွယ်မှုအောက်သို့ ရောက်နှင့်နေခဲ့သောကြောင့် သာသနာပိုင် မြို့ပြနိုင်ငံများ သိမ်းယူရန်ကြိုးပမ်းမှုကို မီလန်နယ်စားနှင့် ဗဲနစ်သားများက လက်ခံမည် မဟုတ်ကြောင်း သူ သဘောပေါက်ခဲ့သည်။ ထို့ပြင် သူ့အကျိုးကို ဆောင်ရွက်နိုင်ကောင်းသော အီတလီတပ်မတော်သည် သူ့ဩဇာကြီးမားလာမည်ကို စိုးရွံ့သူတို့ လက်ထဲသို့ရောက်နေသောကြောင့် သူတို့ကို အားမကိုးနိုင်ကြောင်း၊ သူတို့အားလုံး အော်ဆီနီ၊ ကိုလွန်နာနှင့် ယင်းတို့ဘက်တော်သားများလက်ထဲ ရောက်နေကြောင်းကို သူ သိမြင်ခဲ့သည်။ ထို့ကြောင့် လက်ရှိအခြေအနေကို အနှောင့်အယှက်ပြုရန် လိုအပ်ခဲ့ပြီး နယ်ပယ်တစ်စိတ်တစ်ပိုင်းပေါ် လွှမ်းမိုးနိုင်ရန် အီတလီနယ်ပယ်တစ်ခွင်လုံးတွင် ကသောင်းကနင်းဖြစ်အောင်လုပ်ရမည့် အနေရှိခဲ့သည်။ ဤကိစ္စကို လွယ်လွယ်ပြုနိုင်ခဲ့သည့် ဗဲနစ်သားများသည် အခြားအကြောင်းတရားများကြောင့် ပြင်သစ်တို့ကို အင်ဘောင် ပြည်တွင်းသို့ ဖိတ်ခေါ်ထားကြောင်း သူ တွေ့ရှိခဲ့သည်။ ဤအချက်ကို သူ မဆန့်ကျင်ခဲ့ချေ။ ဘုရင်လူဝီ၏ ပထမအိမ်ထောင်ရေးကို ချေဖျက်ပေးခြင်းဖြင့် ပံ့ပိုးလက်ခံမှုပြုခဲ့သည်။ သို့ဖြင့် ဘုရင်သည် ဗဲနစ်သားတို့၏ပံ့ပိုးမှု၊ အဲလက်ဇန္ဒြား၏ သဘောတူလက်ခံမှုဖြင့် အီတလီနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့သည်။

မီလန်မြို့သို့ ပြင်သစ်ဘုရင် ရောက်မဆိုက်မှာပင် ပုတ်ရဟန်းမင်းကြီးသည် ရိုမန်နာစစ်ပွဲအတွက် ပြင်သစ်ဘုရင်၏ နာမည်ကိုအသုံးပြု၍ ပြင်သစ်တပ်များကို ရယူလိုက်သည်။ သို့ဖြင့် နယ်စားသည် ရိုမန်နာကို သိမ်းပိုက်ပြီးနောက်တွင် ကိုလွန်နာကို အောင်နိုင်ခဲ့သည်။ သို့သော် အကြောင်းရပ်နှစ်ခုကြောင့် ယင်းဒေသကို ထိန်းသိမ်းနိုင်ခြင်းနှင့် ရှေ့ဆက်တိုးနိုင်ခြင်း မရှိခဲ့ချေ။ တစ်ခုမှာ သူ့တပ်များ၏ သစ္စာစောင့်သိမှုကို ဒွိဟဖြစ်ခြင်း ဖြစ်သည်။ တစ်နည်းပြောရလျှင် သူသည် သူ ရယူထားသော အော်ဆီနီ၏ အင်အားများက သူ့ကိုရှုံးနိမ့်စေမည်ကို သူ စိုးရိမ်ကြောက်လန့်မိခဲ့သည်။ နောက်ထပ် တိုး

mgyoe.com

mgyoe.com

ပွားရရှိအောင် ဆောင်ရွက်မှုကို အနှောင့်အယှက်ပြုရုံသာမကသေး သူ သိမ်းပိုက်ရရှိထားပြီးဖြစ်သော နယ်ပယ်တို့ကို ပြန်လည်လက်လွှတ်စေမည်ကို စိုးရိမ်မိခဲ့သည်။ ပြင်သစ်ဘုရင်က အလားတူဖြစ်စေမည်ကိုလည်း သူ စိုးရွံ့မိခဲ့သည်။ အောဆီနီနှင့်ပတ်သက်၍ သူ့တွင် အထောက်အထားရှိနေခဲ့သည်။ ဖရန်ဇာကို သိမ်းပိုက်ပြီးနောက် ဘိုလိုခ်နာကို ထိုးစစ်ဆင်သောအခါ ထိုစစ်ဆင်ရာတွင် ယင်းတို့ မည်မျှခေတ်နောက်ကျနေသည်ကို သူသတိပြုမိခဲ့သည်။ ဘုရင်နှင့်ပတ်သက်၍မူ အာဘီနိုနယ်စားပိုင် နယ်မြေကို သူသိမ်းပြီးနောက် တပ်စ်ကန်နီကို တိုက်ခိုက်သောအခါ ဘုရင်က ထိုပြုရပ်ကို ရပ်တန့်ခိုင်းလိုက်သောအခါ ဘုရင်၏အကြံအစည်ကို သူ သဘောပေါက်ခဲ့သည်။ ထိုကာလမှစတင်၍ နယ်စားသည် တစ်ပါးသူတို့၏ ကုသိုလ်ကံနှင့် လက်နက်အင်အားကို အားကိုးမှုမပြုတော့ရန် ဆုံးဖြတ်လိုက်သည်။ သူ ပထမဦးဆုံး လုပ်လိုက်သည့်အချက်မှာ ရောမတွင် အော်ဆီနီနှင့် ကိုလွန်နာပါတီဝင် လူကြီးလူကောင်းမှန်သမျှကို သူ့ဘက်ပါအောင် သိမ်းသွင်းခြင်းဖြင့် သူတို့ပါတီကို အားယုတ်အောင် လုပ်လိုက်ခြင်းပင် ဖြစ်သည်။ သူသည် သူတို့ကို နစ်နာကြေးများစွာပေး၍ အဆင့်အရ ရာထူးများခန့်ထားခဲ့သောကြောင့် လအနည်းငယ်အတွင်းမှာပင် သူတို့ပါတီများနှင့် အဆက်အသွယ်ချုပ်ငြိမ်းသွားခဲ့သည်။ နယ်စားကြီး အမှူကိုသာ အကြွင်းမဲ့ ဦးစားပေး ဆောင်ရွက်လာခဲ့ကြသည်။

ဤနောက်တွင် သူသည် ကိုလိုနာမိသားစုအကြီးအမှူးများကို ချေမှုန်းပြီးနောက်တွင် အော်ဆီနီအကြီးအမှူးများကို ချေမှုန်းရန် အခွင့်အရေးကို စောင့်ဆိုင်းခဲ့သည်။ အခွင့်အခါပေါ်သောအခါတွင် သူ ကောင်းစွာအသုံးချခဲ့သည်။ အော်ဆီနီတို့သည် နယ်စားနှင့် သာသနာအင်အားကြီးမားလာခြင်းသည် သူတို့ ပျက်စီးရာပျက်စီးကြောင်းဆိုက်ရန် အကြောင်းတရားပင်ဖြစ်ကြောင်း ရေရှည်မြင်ပြီးနောက် ပါရူဂီနီဒေသရှိ မက်တွိုင်းမြို့တွင် အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။ ထိုမှ အာဘီနို ပုန်ကန်မှု၊ ရိုမက်နာဒေသတွင် ရန်းရင်းဆန်ခတ်မှုများနှင့် နယ်စားအတွက် အတိုင်းအဆမသိ အန္တရာယ်ပေါ်ပေါက်လာခဲ့သည်။ နယ်စားသည် ထိုပြဿနာအရပ်ရပ်ကို ပြင်သစ်တို့၏ အကူအညီဖြင့် ကျော်လွှားနိုင်ခဲ့သည်။ အခြေအနေပြန်ကောင်းလာသောအခါတွင် သူသည် ပြင်သစ်ရော အခြားတိုင်းတစ်ပါးတပ်များကိုပါ အယုံ

mgyoe.com

mgyoe.com


ကြည်တန်နေသောကြောင့် သူတို့ မဟာမိတ်အင်အားပေါ်မူတည်၍ နောက်ထပ် စွန့်စားဆောင်ရွက်မှုမပြုရစေရန် ဗျူဟာချမှတ်ခဲ့ရသည်။

သူသည် သူ၏ရည်ရွယ်ချက်ကို ပီပြင်စွာဖုံးကွယ်နိုင်ခဲ့သောကြောင့် အော်စီနီ တို့သည် သူနှင့်စေ့စပ်ပြေလည်မှု ရယူခဲ့သည်။ သူတို့၏ ကိုယ်စားလှယ်အဖြစ် ဆစ်နော့်ပေါလိုကို စေလွှတ်ခဲ့ပြီး နယ်စားသည် ပေါလိုအား ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံမှုပြုခြင်း၊ ဝတ်ရုံရှည်များ၊ ငွေကြေး၊ ဆုလာဘ်နှင့် မြင်းကောင်းမြင်းသန့်များ လက်ဆောင်ပေးခြင်းဖြင့် သူ၏သံသယကို ချေဖျက်လိုက်သည်။ သူ၏ပရိယာယ်ကို ရိုးစင်းစွာယုံကြည်သွားခဲ့သော အော်စီနီတို့အား ဆီနီဂါဂလီယာသို့လာအောင် သိမ်းသွင်းနိုင်ခဲ့၍ သူ့လက်ထဲသို့ သူတို့ကျရောက်သွားခဲ့သည်။

သို့ဖြင့် သူတို့၏ခေါင်းဆောင်များနှင့် နှိပ်ကွပ်ပြီး သူတို့၏ မျိုးချစ်များကို သူ့မိတ်ဆွေများဖြစ်အောင် သိမ်းသွင်းပြီးနောက်တွင် နယ်စားသည် သူ့အာဏာအတွက် အလွန်ကောင်းသော အုတ်မြစ်ကို ချခဲ့သည်။ သူသည် အာဘီနိုနယ်မြေနှင့်အတူ ရိုမက်နာနယ်မြေကို ရရှိထားပြီး သူ့အုပ်ချုပ်မှု၏ အကျိုးကျေးဇူးကို ခံစားလာရပြီဖြစ်သော ပြည်သူပြည်သားများ၏ မေတ္တာကို ရရှိထားခဲ့သည်။

ဤအပိုင်းကို အခြားသူတို့ သတိပြုတုပသင့်သောကြောင့် ကျွန်တော် ချန်လှပ်ထားခြင်းမပြုဘဲ ဆက်လက်တင်ပြပါမည်။ ရိုမက်နာဒေသကို သူ သိမ်းပိုက်ခြင်းမပြုခင်က ထိုဒေသကို မင်းပျော့မင်းညံ့များ အုပ်စိုးခဲ့သည်။ သူတို့သည် ပြည်သူပြည်သားတို့ကို အုပ်ချုပ်မည့်အစား ဖျက်ဆီးမှု ပြုခဲ့သည်။ သူတို့ကို ပေါင်းစည်းရေးထက် သင်းကွဲရေးအကြောင်းတရားများ ပေးအပ်ခဲ့သည်။ ထို့ကြောင့် နယ်မြေဒေသတစ်ဝှမ်းတွင် ခိုးဝှက်လုယက် တိုက်ခိုက်မှုကဲ့သို့သော တရားမဲ့မှုမျိုးစုံ ဖြစ်ထွန်းနေခဲ့သည်။ ထို့ကြောင့် သူတို့ ငြိမ်းချမ်းစွာနေထိုင်ပြီး သူ၏အုပ်စိုးမှုကို ရိုကျိုးလိုက်နာစေရန် သူတို့ကို အစိုးရကောင်းကောင်းပေးရန် လိုအပ်သည်ဟု သူ ဆုံးဖြတ်ခဲ့သည်။ ဤရည်ရွယ်ချက်ဖြင့် သူသည် ရက်စက်သော်လည်း စွမ်းရည်ရှိသော သူတစ်ယောက်ဖြစ်သည့် မက်ဆာရီမာရိုဒီအောကို ခန့်အပ်၍ သူ့ကို အပြည့်အဝ အာဏာပေးခဲ့သည်။ ဤသူသည် အချိန်တိုတိုအတွင်းမှာပင် တိုင်းပြည်ကို ငြိမ်ဝပ်ပိပြား ညီညွတ်အောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဤတွင်

mgyoe.com

mgyoe.com


နယ်စားသည် အာဏာကုန် လွန်ကျူးစွာ ဆောင်ရွက်မှုက အာဃာတဖြစ်ရန် အကြောင်းတရားဖြစ်မည်ကို မျှော်တွေးလျက် ပြည်နယ်အချက်အချာ ဇဟို ဒေသတွင် အလွန်တရာတော်သော ဥက္ကဋ္ဌလက်အောက်တွင် ပြည်သူ့တရား ရုံးတစ်ခုကိုတည်ခဲ့ပြီး မြို့တိုင်းမြို့တိုင်းကိုယ်စီ ဝတ်လုံတစ်ဦး ခန့်ထားစေခဲ့ သည်။ ထို့ပြင် အတိတ်က ရက်စက်စွာစည်းကြပ်မှုများကြောင့် အငြိုးအတေး အချို့ ဖြစ်ပေါ်နေစေမှန်း သဘောပေါက်ခဲ့သောကြောင့် ပြည်သူတို့၏စိတ်မှ ထိုအတွေးအမြင်များဖျောက်၍ သူ့ဘက်သို့ အကြွင်းမဲ့လိုလားရောက်ရှိစေရန် အတွက် သူသည် ရက်စက်စွာ ပြုမူမှုများရှိခဲ့ပါလျှင် သူ့အမိန့်အရ ဆောင် ရွက်ခဲ့ခြင်းမဟုတ်၊ သူ့ဝန်ကြီး၏ ပရမ်းပတာပြုရပ်ကြောင့် ဖြစ်ပေါ်သည် ဟူသောအချက်ပေါ်လွင်အောင် ပြုခဲ့သည်။ ထို့နောက် အခွင့်အလမ်းကြုံ သောအခါတွင် သူသည် သူ့ဝန်ကြီးကို ခုတ်သတ်စေခဲ့ပြီး တစ်မနက်တွင် သူ့အလောင်းကို ဆီဆီနာမြို့ ပြည်သူ့ရင်ပြင်တွင် တုတ်တစ်ချောင်း၊ သွေး စွန်းသောဓားတစ်လက် ဘေးမှာထားလျက် စွန့်ပယ်စေခဲ့သည်။ သူတို့ပေါ် ရက်စက်ခဲ့သော ဤသူ ဤသို့ ပက်ပက်စက်စက်ဖြစ်သွားသည်ကို ပြည်သူ တို့ နှစ်ထောင်းအားရ ဖြစ်ခဲ့သည်။ အံ့အားလည်း သင့်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့ စောစောက စကားကို ပြန်ကောက်ကြပါစို့...။

ကိုယ်တိုင် လက်ရုံးအင်အားပြည့်ဝပြီး သူ့ကိုထိပါးစေနိုင်သော အိမ်နီး ချင်း အင်အားများကို ကောင်းကောင်းကြီးနှိပ်ကွပ်ပြီးနောက်တွင် နယ်စား သည် ဩဇာအာဏာကြီးမားလာပြီး လတ်တလောဘေးအန္တရာယ်မှ လုံခြုံနေ ခဲ့သည်။ သို့သော် ရှေ့ဆက်သိမ်းပိုက်မှုများပြုလိုပါက ပြင်သစ်နိုင်ငံ၏ လေး စားခန့်ညားမှုကိုရရှိရန် လိုအပ်ကြောင်း သူသိခဲ့သည်။ သို့သော် သူ့အမှားကို မကြာမတင်ကာလက သိလာခဲ့သော ပြင်သစ်ဘုရင်က သူ့ကို မည်သည့် အကူအညီမျှ ပေးမည်မဟုတ်ချေ။ သို့ဖြင့် သူသည် မဟာမိတ်အသစ်များ စတင်ရှာဖွေပြီး ဂေတာမြို့ကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်နေသော စပိန်တို့ကို စစ်ပြုနေသော နေပဲလ်မြို့ပြနိုင်ငံအား ပြင်သစ်တို့က အားဖြည့်ပေးနေသည့် ကိစ္စနှင့်ပတ်သက်၍ ပြင်သစ်တို့နှင့် အချိုးသပ် ပေါင်းဖက်မှုပြုခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ သူတို့နှင့် အခိုင်အမာပေါင်းစည်းမှုပြုရန် ဖြစ်သည်။ အဲလက် ဇန္ဒြားသာ မကွယ်လွန်ခဲ့လျှင် ထိုကိစ္စကို သူ အောင်မြင်စွာ ဆောင်ရွက်နိုင် မည်။

mgyoe.com

mgyoe.com


လတ်တလော အခြေအနေနှင့်ပတ်သက်၍ သူဆောင်ရွက်ခဲ့သည့် အချက်များမှာ ဤအချက်များဖြစ်သည်။ အနာဂတ်နှင့်ပတ်သက်၍ သူ စိုးရိမ်ကြောင့်ကြခဲ့သည့်အချက်ကား သာသနာပိုင်အသစ်က သူ့ပေါ် ဤမျှ စေတနာရှိပါမည်လားဟုပင် ဖြစ်သည်။ သာသနာပိုင်မင်းအသစ်က အဲလက်ဇန္ဒြားသူ့ကိုပေးအပ်ခဲ့သမျှကို ပြန်လည် သိမ်းယူမည်ကို စိုးရိမ်ခဲ့ပြီး ဤသို့မဖြစ်ရန် နည်းလမ်းလေးမျိုးဖြင့် ကာကွယ်ခဲ့သည်။ ပထမနည်းကား ပုတ်ရဟန်းမင်းကြီးက နယ်ပယ်စားကောင်း၏ မျိုးနွယ်တစ်ဦးဦးကို နန်းပြန်တင်ရန် အခွင့်အရေးမရစေရန် သူသိမ်းပိုက်ခဲ့သောနယ်ပယ်မှ နယ်စားကောင်း၏ ဆွေမျိုး၊ သွေးမျိုး တစ်ယောက်မကျန်ကို ချေမှုန်းသုတ်သင်လိုက်သည်။ ဒုတိယတစ်နည်းကား ရောမ မင်းစိုးရာဇာများမှတစ်ဆင့် ပုတ်ရဟန်းမင်းကြီးကို ချုပ်ထိန်းထားနိုင်ရန် သူတို့ကို မိတ်ဖွဲ့စည်းရုံး သိမ်းသွင်းမှုပြုခြင်းပင် ဖြစ်သည်။ တတိယတစ်နည်းမှာ သာသနာ့အာဏာပိုင်တစ်စုကို တတ်နိုင်သမျှ လှမ်းချုပ်ကိုင်ထားရန် ကြိုးစားခြင်းပင်ဖြစ်သည်။ စတုတ္ထနည်းလမ်းမှာ ပထမထိုးနှက်ချက်ကို အထိုးတည်း ခုခံနိုင်ရန်အတွက် ပုတ်ရဟန်းမင်း အဲလက်ဇန္ဒြားမကွယ်လွန်ခင် တတ်နိုင်သမျှ သြဇာအာဏာကြီးများအောင် ဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။ အဲလက်ဇန္ဒြားကွယ်လွန်ချိန်တွင် သူသည် ထိုအချက်လေးခုမှ သုံးခုကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး စတုတ္ထတစ်ခုကို ဆောင်ရွက်ပြီးလုနီးပါးရှိခဲ့သည်။ မင်းကောင်းမျိုးနွယ်ထဲမှ လက်လှမ်းမီသမျှကို သူ သုတ်သင်သတ်ဖြတ်ခဲ့ရာ လွတ်မြောက်သွားသူ အလွန်နည်းပါးခဲ့သည်။ ရောမမင်းစိုးရာဇာများကို သူ စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ သာသနာ့အာဏာပိုင်အစုတွင် သူ အတော်သြဇာရှိခဲ့သည်။

နယ်ပယ်ချဲ့ထွင်မှုနှင့်ပတ်သက်၍မူ တပ်စ်ကာနီသခင်ဖြစ်ရန် ကြံစည်နေခဲ့ပြီး လတ်တလောတွင် ပီရူဂီယာနှင့် ပီအွန်ဘီနိုဒေသတို့ကို ပိုင်ဆိုင်နိုင်ခဲ့ပြီး ဖြစ်သည်။ ပီဆာမြို့စောင့်မင်းအဖြစ်ကို ခံယူထားခဲ့သည်။ (စပိန်တို့သည် နေပဲလ်မြို့ပြနိုင်ငံကို ပြင်သစ်တို့လက်မှ လုယူနိုင်ခဲ့ပြီး လုယူနိုင်ခဲ့မှုကြောင့် ပြင်သစ်ရော စပိန်များပါ သူ၏မဟာမိတ်အဆင့်ကို မဖြစ်မနေဝယ်ယူရန် လိုအပ်နေသည့်အနေတွင်) သူသည် ပြင်သစ်တို့ကို အကြောက်အလန့်ကင်းစွာ ပီဆာမြို့ကို သိမ်းပိုက်ခဲ့သည်။ ဤနောက်တွင်မူ ဖလိုရင့် မြို့ပြနိုင်ငံသားများကို တစ်စိတ်တစ်ပိုင်းအားဖြင့် မုန်းတီး၍ တစ်စိတ်တစ်ပိုင်းအားဖြင့် ကြောက်

mgyoe.com

mgyoe.com


လန့်သည်။ လူလပ်ကာနှင့် ဆီနာမြို့ပြနိုင်ငံများ တစ်မုဟုတ်ချင်း အောက်ကျို့ လာခဲ့သည်။ ဖလိုရင့်သားတို့တွင် မည်သည့်ရင်းမြစ်မျှ မရှိခဲ့သောကြောင့် ယခင်ကပြခဲ့သည့်အတိုင်း သူ အောင်မြင်စွာပြုနိုင်ခဲ့ပါလျှင် သူသည် အဲလက် ဇန္ဒြားကွယ်လွန်သည့်နှစ်မှာပင် တစ်ပါးသူတို့၏ ကုသိုလ်ကံ သို့မဟုတ် အင်အားကို အမှီအခိုမပြုဘဲ သူ့ကိုယ်ပိုင်စွမ်းရည်နှင့်အင်အားပေါ် လုံးလုံးအား ထားလျက် အင်အားကြီးမား ဘုန်းတန်ခိုး ထွားခဲ့ပေမည်။ သို့သော် အဲလက် ဇန္ဒြားသည် ဆီဆာဘောဂီရီ သူ့ဓားရှည်ကို ဓားအိမ်မှ ပထမဦးဆုံးအကြိမ် ဆွဲထုတ်ပြီးနောက် ငါးနှစ်အကြာတွင် ကွယ်လွန်သွားခဲ့သည်။ သူသည် ရိုမက်နာမြို့ပြနိုင်ငံလေးသာ လက်ဝယ် အခိုင်အမာတည်ပြီးအနေနှင့် ကျန်ခဲ့ သည်။ ကျန် အကြံအစည်မှန်သမျှမှာ လေထဲ တိုးလိုးတန်းလန်းမျှသာ ဖြစ် နေခဲ့သည်။ အလွန် အင်အားကြီးမားရန်လိုသော တပ်မတော်နှစ်ခုကြားညပ် လျက် သေလောက်သော ရောဂါဘယ သင့်နေခဲ့သည်။ သို့သော် နယ်စား၏ ရဲဝံ့မှုနှင့် စွမ်းရည်မှာ ကြီးမားလှခဲ့ရာ သူသည် လူတို့ကို စည်းရုံး သိမ်းသွင်း ရာတွင်လည်းကောင်း၊ ချေမှုန်းပစ်ရာတွင်လည်းကောင်း အလွန် ထက်မြက် လှခဲ့သည်။ ဤအချိန်တိုအတွင်းမှာပင် သူချခဲ့သော အုတ်မြစ်များမှာ ခိုင်မာ လှခဲ့သောကြောင့် သူ့ပေါ် ထိုတပ်မတော်နှစ်ခု စိုးမိုးနေခြင်းမရှိခဲ့ပါလျှင် သို့မဟုတ် သူ့ကျန်းမာရေးအခြေအနေကောင်းနေပါလျှင် သူသည် အခက် အခဲမှန်သမျှကို ကျော်လွှားနိုင်ခဲ့ပေမည်။ ရိုယက်နာက ရောမမြို့တွင် သူ့ကို တစ်လကျော် စောင့်ဆိုင်းခဲ့သည့်အချက်က သူ့ဘဝအုတ်မြစ် မည်မျှခိုင်မာ ကြောင်း သက်သေပြသည်။ သေကောင်ပေါင်းလဲဖြစ်နေသည့်တိုင်အောင် သူခိုင်မာနေခဲ့သော်လည်း ထို့အပြင် ဘတ်လီအိုနီ၊ ဗီတလ်လီနှင့် အောဆီနီတို့ သည် ရောမမြို့သို့ ဝင်ရောက်ခဲ့သော်လည်း သူ့ကိုတိုက်ခိုက်မည့် နောက် လိုက်တစ်ဦးမှ မတွေ့ရှိခဲ့ချေ။ သူသည် သူလိုလားသူကို ပုတ်ရဟန်းမင်းကြီး အဖြစ် တင်မြှောက်နိုင်လောက်အောင် ဩဇာမညောင်းခဲ့သော်လည်း သူ မလို လားသူ ပုတ်ရဟန်းမင်းကြီးဖြစ်မလာရအောင် သူ ဟန့်တားနိုင်အောင်တော့ တန်ခိုးထွားခဲ့သေးသည်။ သို့သော် အဲလက်ဇန္ဒြားကွယ်လွန်ချိန်တွင် သူ့ ကျန်းမာရေးကောင်းနေခဲ့ပါလျှင် အရာအားလုံး လွယ်ကူခဲ့ပေမည်။ သူ့ဖခင် ကွယ်လွန်လျှင် ဖြစ်ပျက်နိုင်သမျှ ကိစ္စတို့ကို သူကြိုတင်တွေးမြင်ခဲ့ပြီး ထိုသို့ မဖြစ်စေရန် သူ နည်းလမ်းပေါင်းစုံဖြင့် ခုခံခဲ့ပါသော်လည်း သူ့ဖခင်သေဆုံး

mgyoe.com

ချိန်တွင် သူလည်း သေကောင်ပေါင်းလဲဖြစ်နေခဲ့မည်ကို ကြိုတင်မတွေး မြင်မိဟု ပုတ်ရဟန်းမင်းကြီး ဒုတိယမြောက်ဂျူလိယက်ကို တင်မြှောက်သည့်နေ့တွင် ကျွန်တော့်ကို သူ ပြောကြားခဲ့သည်။

သို့ဖြင့် နယ်စားကြီး၏ လုပ်ရပ်မှန်သမျှကို ပြန်လည်ဆန်းစစ်မှုပြုသောအခါတွင် သူ့ကို အပြစ်ဆိုစရာ တစ်ချက်မျှ ကျွန်တော်မမြင်ပါ။ ထိုအစား ကျွန်တော်ပြုခဲ့ပြီးဖြစ်သလို သူ့ကို ကုသိုလ်ကံနှင့် တစ်ပါးသူတို့၏ လက်ရုံးအားကိုးဖြင့် အာဏာရလာသူတို့အားလုံး တုပစရာ သာဓကတစ်ရပ် အဖြစ် တင်ပြစရာဟုခံယူမိပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ကြီးမားလှသော ရဲစွမ်းသတ္တိနှင့် မြင့်မားလှသော ရည်ရွယ်ချက်တို့ဖြင့် သူသည် ထိုမှအပ အခြားဆောင်ရွက်စရာမရှိခဲ့ချေ။ အဲလက်ဇန္ဒြား အသက်တိုခြင်းနှင့် သူကိုယ်တိုင်ဖျားနာမှုကြောင့်သာလျှင် သူ့အကြံအစည်များ အထမမြောက်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြင့် သူ့နယ်ပယ်အသစ်ကို ရန်သူများဘေးမှ လုံခြုံအောင် ပြုရန် လိုအပ်သည်။ မိတ်ဆွေများ ရရှိရန် လိုအပ်သည်။ အင်အား သို့မဟုတ် ပရိယာယ်ဖြင့် သိမ်းပိုက်ရန် လိုအပ်သည်။ ပြည်သူလူထုက ချစ်ကြောက်ရိုသေခန့်ညားသူဖြစ်ရန် လိုအပ်သည်။ စစ်သည်များက ကြည်ညိုလေးစားစွာ နောက်လိုက်မှုကို လိုအပ်သည်။ သူ့ကို ထိပါးနိုင်သူ ထိပါးကောင်းထိပါးမည်။ သူတို့ကို ချေမှုန်းရန် လိုအပ်သည်။ ထုံးဓလေ့ဟောင်းများကို ပြုပြင်ရန် လိုအပ်သည်။ ပြတ်သားပြီး ကြင်နာ၊ သဘောထားကြီး၊ အမြင်ကျယ်ရန် လိုအပ်သည်။ ပြည်သူ့စစ် အဖွဲ့အဟောင်းကို နှိပ်ကွပ်ပြီး ပြည်သူ့စစ်အဖွဲ့အသစ်ကို ဖန်တီးရန်လိုအပ်သည်။ ဘုရင်များ၊ မင်းများက သူ့ကြောင့် အကျိုးများရသည်ကို ဝမ်းမြောက်၍ သူ့ကို ထိခိုက်ရမည်ကို ကြောက်လန့်သည့် အနေအထားမျိုးရောက်အောင် သူတို့၏ခင်မင်မှုကို ရယူထိန်းသိမ်းထားရန် လိုအပ်သည်ဟု ယူဆသူတိုင်း ဤသူ၏ပြုရပ်များမှာထက် ပိုကောင်းသော သာဓကကို မတွေ့နိုင်ချေ။

ဒုတိယမြောက် ကျူးလိယာကို ဖန်တီးရွေးချယ် တင်မြှောက်မှုကသာလျှင် သူ၏ တစ်ခုသောအမှားဟု စွပ်စွဲနိုင်သည်။ အထက်တွင် ဆိုညွှန်းခဲ့သည့်အတိုင်းပင် သူသည် သူကြိုက်သူကို ပုတ်ရဟန်းမင်းကြီးအဖြစ် မတင်မြှောက်နိုင်ခဲ့ပါသော်လည်း သူမကြိုက်သူကို ပုတ်ရဟန်းမင်းကြီးအဖြစ် ခန့်ထားမှုမပြုစေရန် ဟန့်တားနှောင့်ယှက်နိုင်ခဲ့သည်။ သူသည် သူထိခိုက်အောင်

mgyoe.com

mgyoe.com


ပြုခဲ့ဖူးသူ သို့မဟုတ် ပုတ်ရဟန်းမင်းကြီးဖြစ်သောအခါတွင် သူ့ကို ကြောက်လန့်မည့် ကာဒီနယ်ဘုန်းကြီးတစ်ပါးပါး သာသနာပိုင်ဖြစ်လာမည့်အရေးကို လုံးဝ ခွင့်မပြုသင့်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ကြောက်လန့်မှု သို့မဟုတ် မုန်းတီးမှုကြောင့် ထိခိုက်အောင်ပြုလေ့ရှိကြသည်။ ထိခိုက်အောင် သူပြုခဲ့သူများတွင် ဆန်ပီတြိုအက်ဝင်ကူလာ၊ ကိုလိုနာ၊ ဆန်ဂျီအော ဂျီအိုနှင့် အက်စ်ကာနီအိုတို့ ပါဝင်ခဲ့သည်။ ရိုဟန်နှင့် စပိန်သားများမှလွဲ၍ ကျန်လူအားလုံးသည် သာသနာပိုင်အဖြစ် တင်မြှောက်ခံခဲ့ရပါလျှင် သူ့ကို ကြောက်ရွံ့ခဲ့ရမည်။ စပိန်သားတို့ သူ့ကို ကြောက်ရွံ့သည့်အကြောင်းမှာ သူနှင့် ပတ်သက်ပြီး သူ့ကျေးဇူးရှိနေ၍ ဖြစ်မည်ဖြစ်ပြီး ရိုဟန်က သူ့ကိုကြောက်ရွံ့သည့် အကြောင်းမှာ ပြင်သစ်ဘုရင်နှင့်ဆက်စပ်နေသော သူ၏ ကြီးမားသော ဩဇာကြောင့်ပင် ဖြစ်မည်။ ဤအကြောင်းများကြောင့်ပင် နယ်စားသည် စပိန်လူမျိုး သာသနာပိုင် ပုတ်ရဟန်းမင်းတစ်ပါးကို ဖန်တီးသင့်ခဲ့သည်။ ထိုသို့ မတတ်နိုင်ခဲ့ပါလျှင် ဆန်ပီတြိုအက်ပင်ကူလာအား ပုတ်ရဟန်းမင်းကြီးအဖြစ် တင်မြှောက်သည်ကို လက်မခံဘဲ ရိုဟန်အားတင်မြှောက်မှုကို လက်ခံသဘောတူသင့်ခဲ့သည်။ အထက်တန်းစားပုဂ္ဂိုလ်များသည် အကျိုးအမြတ်အသစ်များ ခံစားရပါလျှင် အငြိုးအတေးများ ဖျောက်ပစ်လေ့ရှိသည်ဟု ယူဆသူတို့ တကယ်တက်စင် အမှားကြီးမှားပေလိမ့်မည်။ ထို့ကြောင့် ဤရွေးချယ်မှုတွင် နယ်စားကြီး မှားယွင်းသွားခဲ့ပြီး ထိုအမှားသည် သူ့ကို နောက်ဆုံး ပျက်သုဉ်းကိန်းဆိုက်စေခဲ့သည်။

■

mgyoe.com

mgyoe.com

# မင်းအဖြစ်သို့ မသမာနည်းလမ်းများဖြင့် ရခဲ့သူတို့နှင့်ပတ်သက်၍

သို့သော် ကုသိုလ်ကံကောင်း၍သော်လည်းကောင်း၊ အစွမ်းအစရှိ၍သော်လည်းကောင်း မဟုတ်ပါဘဲ မင်းဖြစ်နိုင်သည့် နည်းလမ်းနှစ်ရပ်ရှိသေးသည်။ ယင်းတို့ကို ချန်လှပ်ထားရန်မသင့်သလို ပြည်ထောင်စုများအကြောင်း ဆွေးနွေးသုံးသပ်နေပါလျှင် ထိုမှ နည်းလမ်းတစ်ရပ်ကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်ရန် လိုအပ်မည်။ ယင်းတို့မှာ မတရား သို့မဟုတ် မသမာနည်းလမ်းများဖြင့် မင်းဖြစ်လာခြင်းနှင့် ပြည်သူတို့ ရွေးချယ်တင်မြှောက်မှုကြောင့် တိုင်းပြည်၏ 'မင်း'ဖြစ်လာခြင်းပင် ဖြစ်သည်။ ပထမအကြောင်းကို ရည်ညွှန်းပြောဆိုရာတွင် ကျွန်ုပ်တော်သည် ရှေးဟောင်းဖြစ်ရပ်တစ်ခုနှင့် ခေတ်ပေါ်ဖြစ်ရပ်တစ်ခုကို သာဓကအဖြစ် ထောက်ပြပါမည်။ သို့သော် ယင်းတို့ဖြစ်ရပ်မျှသည်ပင် အကဲဖြတ်ရန် လုံလောက်သောကြောင့် ယင်းတို့၏ကောင်းကွက်၊ ဆိုးချက်များကို အကျယ်တဝင့် ညွှန်းဆိုပြောကြားခြင်း မပြုတော့ပါ။

စစ္စလီသား အဂ္ဂါသိုကလီသည် သာမန်အရပ်သားအဆင့်မျှမှပင်မကသေး အနိမ့်ဆုံး အချို့တဲ့ဆုံး ဘဝမှနေ၍ ဆိုင်ရာကုပ်စ်နိုင်ငံ မင်းအဖြစ်သို့ရောက်ခဲ့သည်။ အိုးဖုတ်သည်တစ်ဦး၏ သားဖြစ်သော သူသည် သူ့ဘဝတစ်လျှောက်လုံး အဆိုးယုတ်ဆုံး အကျင့်များကို ပြုကျင့်ခဲ့သည်။ သို့တိုင်အောင် သူ၏ ကောက်ကျစ်ယုတ်မာမှုမှာ ကာယဉာဏအားကောင်းနှင့် ဒွန်တွဲနေခဲ့ပါသောကြောင့် သူသည် ပြည်သူ့စစ်အဖွဲ့ကို ဝင်ရောက်သောအခါ

mgyoe.com

mgyoe.com


ဆိုင်ရာကုပ်စ်စစ်ကဲအဆင့်သို့ အဆင့်ဆင့်ရာထူးတက်ခဲ့သည်။ ဤရာထူး ခန့်အပ်ခံရပြီးနောက် ဆိုင်ရာကုပ်စ်ထိီးနန်းကို သိမ်းပိုက်ရန် ဆုံးဖြတ်ပြီး ဖွဲ့စည်းပုံအရ သူ့နောက်လိုက်ရသူတို့၏ ထောက်ခံမှုကို အကြမ်းဖက်ရယူ ထားရန် ဆုံးဖြတ်ထားပြီး စစ္စလီတွင် သူ၏တပ်များနှင့် တိုက်ပွဲဝင်နေသော ကာသေ့ မြို့ပြနိုင်ငံသား ဟီမီလ်တာကို သူ့အကြံအစည်များ ပြောပြထားပြီး နောက်တွင် သူသည် တိုင်းပြည်၏ အလွန်တရာကြီးမားသော အရေးတစ်ခု ကို ဆွေးနွေးရန်ရှိသည့်အနေမျိုးဖြင့် တစ်မနက်တွင် ဆိုင်ရာကုပ်စ်ဆီးနိတ် လွှတ်တော်နှင့် လူထုကို ညီလာခံခေါ်လိုက်ပြီး ကြိုတင်စီစဉ်ထားသည့် အတိုင်း သူအချက်ပေးလိုက်သည်နှင့် သူ့စစ်သည်များက ဆိုင်ရာကုပ်စ်မြို့ပြ နိုင်ငံ၏ လွှတ်တော်အမတ်များနှင့် လူကုံထံသူကြွယ်များကို သုတ်သင်ပစ် အောင် စီရင်ခဲ့သည်။ ထိုသူတို့ကို သတ်ဖြတ်ပြီးနောက်တွင် သူသည် ပြည်သူ ပြည်သားထံမှ ပဋိပက္ခကင်းစွာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ သူသည် ကာသေ့တိုင်းအား နှစ်ကြိမ်စစ်ရှုံးခဲ့ပြီး နောက်ဆုံး ဝိုင်းဝန်းပိတ်ဆို့ခံထားရ သည့်တိုင်အောင် သူသည် သူ့မြို့ပြနိုင်ငံကို ကာကွယ်နိုင်ခဲ့သည်သာမက သေး မြို့ကိုကာကွယ်ရန် အင်အား တစ်စိတ်တစ်ပိုင်းချန်ထားခဲ့ပြီး ကျန် အင်အားဖြင့် အာဖရိကတိုက်ကို ကျူးကျော်နိုင်ခဲ့သည်။ သူသည် အချိန်တိုတို အတွင်းမှာပင် ဆိုင်ရာကုပ်စ်ကို ဝိုင်းဝန်း ပိတ်ဆို့ခံထားသည့်ဘေးမှ ကယ် တင်နိုင်ခဲ့ပြီး ကာသေ့များ သူ့တောင်းဆိုချက်အတိုင်း လိုက်လျောပြီး စစ္စလီ ကို သူ့လက်ထဲ ဝကွက်အပ်ထား၍ အာဖရိကဒေသကို ပိုင်ဆိုင်မှုမျှဖြင့် ကျေနပ်နေရလောက်အောင် နာနာဖိထောင်းနိုင်ခဲ့သည်။

ထို့ကြောင့် ဤသူ၏လုပ်ရပ်နှင့် အရည်အချင်းကို သုံးသပ်သူတို့သည် ကုသိုလ်ကံဟု ထောက်ပြစရာအကြောင်းတွေ ပြန်လည် ရေးရေးမျှသာ တွေ့ ပေမည်။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ဆိုညွှန်းခဲ့သကဲ့သို့ပင် မည်သူစောင်မမှုကြောင့် ဖြစ်ထွန်းလာခဲ့သည်မဟုတ်ချေ။ အခက်အခဲပေါင်း ထောင်သောင်း၊ အန္တရာယ်ပေါင်း ထောင်သောင်းဖြင့် သူ ဖြတ်ကျော်တက်၍ ရယူခဲ့သော ပြည်သူ့စစ်ရာထူးအဆင့်များမှတစ်ဆင့် သူ မင်းအဖြစ်သို့ ရောက်ခဲ့သည်။ မင်းဖြစ်ပြီးနောက်တွင် ထိုရာထူးအဆင့်ကို ရဲရင့်သော အန္တရာယ်ကြီးမားသော စစ်ဆင်မှုများစွာပြု၍ ထိန်းသိမ်းထားခဲ့သည်။ ကိုယ့် နိုင်ငံသားကို ကိုယ်သတ်ဖြတ်ခြင်း၊ ကိုယ့်မိတ်ဆွေများကို ကိုယ်သတ်ခြင်း၊

mgyoe.com

mgyoe.com


ယုံကြည်မှု၊ သနားကြင်နာမှုနှင့် ဘာသာတရားကင်းမဲ့မှုတို့ကို ကောင်းမြတ်သော အကျင့်သီလများဟု မခေါ်ဆိုနိုင်ချေ။ ဤနည်းလမ်းဖြင့် အာဏာရကောင်း ရမည်ဖြစ်သော်လည်း ဂုဏ်ရှိမည်မဟုတ်ချေ။ အန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းစွမ်းနှင့် အတားအဆီးအခက်အခဲများကို ပုံပိုးကျော်လွှားစွမ်းတို့ကို သုံးသပ်ရပါလျှင် အထင်အရှား အပြောင်မြောက်ဆုံး စစ်ကဲများထက် ညံ့ဖျင်းသူအဖြစ် လျော့နည်းတွက်စရာအကြောင်း စိုးစဉ်းမျှ မမြင်သာချေ။ သို့တိုင်အောင်လည်း သူ၏ ရက်စက်ကြမ်းတမ်းမှုနှင့် လူမဆန်မှုများကို သူ၏ မရေမတွက်နိုင်အောင် များပြားသော မသမာမှုများသည် သူ့ကို ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များနှင့် တန်းတူ သတ်မှတ်ရခက်စေသည်။ ကသိုလ်ကံ သို့မဟုတ် ကိုယ်ကျင့်တရားကြောင့်ရခြင်းမဟုတ်သော အဆင့်ကို ကသိုလ်ကံ သို့မဟုတ် ကိုယ်ကျင့်တရားကြောင့်ဟု မပြောသာချေ။

ကျွန်တော်တို့၏ မျက်မှောက်ခေတ်ကာလ ဆဋ္ဌမမြောက် အဲလက်ဇန္ဒြား သာသနာပိုင်မင်းဖြစ်နေသည့်ကာလတွင် အော်လီဗာရော့တိုဒါဖာမိုသည် သူ့မိခင်၏ အစ်ကို သူ့ဦးလေး ဂျီအိုဗာနီဖော့လီအာနီ၏ လက်ထဲတွင် အဖမဲ့သားအဖြစ် ကျန်ခဲ့သည်။ သူ့ဦးလေးက သူ့ကို ပြုစုပျိုးထောင်ခဲ့ပြီး ပေါလိုဗီတယ်လီ၏လက်အောက်တွင် စာပေပညာသင်ကြားရန် ငယ်စဉ်ကပင် သူ့ကို စေလွှတ်ခဲ့သည်။ ပေါလိုဗီတယ်လီထံမှ စစ်ပညာ ထက်မြက်စွာ တတ်ကျွမ်းပြီး တပ်မတော်တွင် ရာထူးကောင်းကောင်း ရရှိရန် မျှော်လင့်ခဲ့သည်။ ပေါလိုသေဆုံးသောအခါတွင် သူသည် ပေါလို၏ညီ ဗီတက်လိုဇို၏ လက်အောက်တွင် ဆက်လက်အမှုထမ်းခဲ့ပြီး ဉာဏ်ပညာကြီးမားခြင်း၊ ကာယစွမ်း၊ ဉာဏစွမ်းထက်မြက်ခြင်းတို့ကြောင့် သူသည် စစ်ကဲတစ်ဦးဖြစ်လာခဲ့သည်။သို့သော် တစ်ပါးသူတို့လက်အောက်တွင် နေထိုင်ရသည်ကို အောက်ကျသည်ဟု ယူဆသောကြောင့် သူသည် တိုင်းပြည်လွတ်လပ်မှုထက် ကျွန်ဖြစ်နေရသည်ကို နှစ်သက်သော ဖာမိုမြို့သူမြို့သားအချို့၏ အကူအညီနှင့် ဗီတယ်လိုဇိုဗီတယ်လီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖာမိုမြို့ကို သိမ်းပိုက်ရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် နှစ်ပေါင်းများစွာ အိမ်နှင့်ဝေးနေခဲ့ပါသောကြောင့် သူ့ကို လာရောက်တွေ့ဆုံလိုသလို သူ့ဇာတိမြို့ကိုလည်း တွေ့မြင်လိုပါကြောင်းနှင့် သူ့အမွေခံအိမ်ရာတို့ကို တတ်နိုင်သမျှ ကြည့်ရှုစစ်ဆေးလိုပါကြောင်း သူ့ဦးလေးဖြစ်သူ ဂျီအိုဗာနီဖော့လီအာနီထံသို့ စာရေးသား

mgyoe.com